## မူဝါဒရေးရာစာတမ်း

# COVID-19 ၏
# အမျိုးသမီးများအပေါ်
# အကျိုးသက်ရောက်မှု

၂၀၂၀ခုနှစ် ဧပြီလ ၉

United Nations

# နိဒါန်း

**သက္ကရာဇ် ၂၀၂၀ သည် ကျား/မ တန်းတူညီမျှရေးအတွက်ကနဦး စတင်လှုပ်ရှားမှု တစ်ခုဖြစ်သော** ဘေဂျင်းလုပ်ငန်းစီမံချက် (Beijing Platform for Action) ၏ **၂၅ နှစ်မြောက် နှစ်ပတ်လည် ဖြစ်သည်။ သို့ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး** ပျံ့နှံ့ **ဖြစ်ပွားမှုကြောင့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အထိုက်အလျောက်ရရှိခဲ့သော အောင်မြင်မှုများသည်ပင်လျှင် နောက် ဘက် ပြန်လည်တွန်းပို့ခံရနိုင်ဖွယ်ရာ အခြေအနေကျရောက်နေသည်။ ဤကမ္ဘာ့ကပ်ရောဂါကြီးသည် နဂိုရှိနှင့်ပြီးသော မညီမျှမှုများကို ပိုမိုဆိုးရွားစေပြီး လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး စနစ်များရှိ အားနည်းမှုများလည်း ပေါ်ထွက်လာစေသောကြောင့် ကမ္ဘာ့ကပ်ရောဂါကြီး၏ အကျိုးသက်ရောက်မှုများကို ပိုမိုမြှင့်တင်ပေးသကဲ့သို့ဖြစ်နေသည်။**

ကျန်းမာရေးမှ စီးပွားရေး၊ လုံခြုံရေးမှ လူမှုကာကွယ်စောင့်ရှောက်ရေး အစရှိသည့် ကဏ္ဍအားလုံးအသီးသီးတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် COVID-19 ၏အကျိုးသက်ရောက်မှုများမှာ ၎င်းတို့၏ လိင်ဖြစ်တည်မှုကို အကြောင်းပြု၍ ပိုမိုဆိုးရွားလာလျက်ရှိသည်။

- အထူးသဖြင့် ယေဘုယျအားဖြင့် ဝင်ငွေနည်းပါးပြီး စုဆောင်းမှုနည်းပါးကာ အာမခံချက်မရှိသည့် အလုပ်အကိုင်များ လုပ်ကိုင်နေသော သို့မဟုတ် ဆင်းရဲချို့တဲ့မှုနှင့် နီးကပ်စွာနေထိုင်နေရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် **စီးပွားရေး**၏ စုပေါင်းအကျိုးသက်ရောက်မှုများကို ခံစားနေရသည်။
- အစောပိုင်း အစီရင်ခံစာများတွင် COVID-19 ကြောင့်သေဆုံးမှုများ၌ အမျိုးသားဦးရေ ပိုမိုများပြားသည်ဟု ဖော်ပြထားသော်လည်း အမျိုးသမီးများ၏ **ကျန်းမာရေး**မှာလည်း လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ ပါဝင်သည့် ဦးစားပေးမှုများ နှင့် အရင်းအမြစ်များပြန်လည် ခွဲဝေခြင်း မှတစ်ဆင့် ဆိုးရွားစွာ ထိခိုက်နေသည်။
- ကလေးသူငယ်များ ကျောင်းမတက်ရခြင်း၊ သက်ကြီးရွယ်အိုများအပေါ် စောင့်ရှောက်မှုလိုအပ်ချက်များ မြင့်တက်လာခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ မနိုင်နင်းမှုတို့ကြောင့် **ဝင်ငွေမရသည့် ပြုစုစောင့်ရှောက်မှုအလုပ်များ** တိုးမြင့်လာခဲ့သည်။
- COVID-19 ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် ပိုမိုများပြားလာသည့် စီးပွားရေးနှင့် လူမှုရေး ဖိအားများနှင့်အတူ အသွားအလာများ ကန့်သတ်ခြင်းနှင့် သီးသန့်ထားရှိခြင်း လုပ်ဆောင်မှုများကြောင့် **ကျား/မအခြေခံသည့် အကြမ်းဖက်မှုများ**သည် ဆတိုးမြင့် တက်လာနေသည်။ အမျိုးသမီးအများအပြားသည် ၎င်းတို့အား အကြမ်းဖက်သူများနှင့်အတူ အသွားအလာ ကန့်သတ်တားမြစ်ခြင်း အချိန်တွင် အိမ်၌အတူနေရန် အတင်းအကျပ် ခိုင်းစေခံရသည်။ ထိုသို့ အကြမ်းဖက်ခံရသူများအား ကူညီထောက်ပံ့ပေးနေသည့် ဝန်ဆောင်မှုများအားလည်း ရပ်ဆိုင်းထားခြင်း သို့မဟုတ် ဝန်ဆောင်မှုများ မရရှိနိုင်ခြင်း  တို့ပါ ထပ်လောင်းဖြစ်ပေါ်နေသည်။
- ဖော်ပြပါ အကျိုးသက်ရောက်မှုများအားလုံးသည် အကဲဆတ်ခြင်း၊ ပဋိပက္ခ နှင့် အရေးပေါ် အခြေအနေများတွင်  လူမှုရေး ပေါင်းစည်းညီညွတ်မှု ပျက်စီးပြီးဖြစ်နေခြင်း နှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ကိုင်နိုင်စွမ်းနှင့် ဝန်ဆောင်မှု ပေးခြင်းများ အကန့်အသတ်ဖြစ်နေ သောကြောင့်   ပို၍ ဆိုးရွားလာစေသည်။

ဤမူဝါဒ စာတမ်း သည် ဖော်ပြပါ ကိစ္စရပ်တစ်ခုစီကို အလေးထားကာ COVID-19 ၏ရှေ့မှောက်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝများ မည်ကဲ့သို့ ပြောင်းလဲလာသည်ကို ရှာဖွေစူးစမ်းထားသည်။ ထို့အပြင် လတ်တလော အရေးပေါ် အခြေအနေ ဆောင်ရွက်မှုများ နှင့် ရေရှည် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုနှစ်မျိုးလုံးတွင် ကူညီပေးနိုင်မည့် ဦးစားပေးလုပ်ဆောင်ရန် အကြံပြုချက်များကိုလည်း အကြမ်းဖျဉ်း ဖော်ပြထားသည်။

COVID-19 သည် တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု စနစ်အား စိန်ခေါ်မှုတစ်ခု သာမက ကျွန်ုပ်တို့ လူသားများ၏ စိတ်ဓါတ်ရေးရာကိုပါ စမ်းသပ်မှုတစ်ခုဖြစ်သည်။ ပြန်လည် ထူထောင်ရေးသည် အနာဂါတ် အကြပ်အတည်းများကိုပါ ပိုမိုခံနိုင်ရည်ရှိပြီး ပိုမိုတန်းတူညီမျှသည့် ကမ္ဘာတစ်ခုစီသို့ ဦးတည်သွားရမည်ဖြစ်သည်။

COVID-19 ၏ ထိခိုက်မှုများအား လျှော့ချနိုင်ရန်အတွက် နိုင်ငံအမြောက်အမြားရှိ ပြည်သူ့ကျန်းမာရေး ကွာဟချက်များအား ဖြေရှင်းနိုင်သည့် စီးပွားရေးတိုးတက်လာစေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးပေးမည့် စီမံချက်များ နှင့် အရေးပေါ် စီစဉ်ဆောင်ရွက်မှုများကို နေရာချထားပြီးဖြစ်သည်။[၁] နိုင်ငံများတွင် လိုအပ်သည့် အကျိုးသက်ရောက်များ ဖြစ်ပေါ်လာ ရန်ဆိုပါက ၎င်းတို့အနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အားလုံး အကျုံးဝင်ပါဝင်မှု၊ ကိုယ်စားပြုမှု၊ အခွင့်အရေး၊ လူမှုရေးနှင့် စီးပွားရေး ရလဒ်များ၊ တန်းတူညီမျှမှုနှင့် ကာကွယ်စောင့်ရှောက်မှု အစရှိသည်များကို အဓိကဦးတည်ထားပြီး ဆောင်ရွက် ရမည်ဖြစ်သည်

ဤကဲ့သို့ ပြုလုပ်ခြင်းသည် ကာလကြာရှည်စွာ တည်ရှိနေသည့် မညီမျှခြင်းများကို ပြန်လည်ပြင်ဆင်ရန်သာ မဟုတ်ဘဲ ပိုမို၍ တရားမျှတ၍ ခံနိုင်ရည်ရှိသော ကမ္ဘာတစ်ခုကို တည်ဆောက်နိုင်ရန်ဖြစ်သည်။ ထိုအရာသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အကျိုးစီးပွား အတွက်သာမက အမျိုးသားများနှင့် ယောကျ်ားငယ်များ၏ အကျိုးစီးပွားး အတွက် လည်း ဖြစ်ပါ သည်။ အမျိုးသမီးများသည် ဤကမ္ဘာ့ကပ်ရောဂါကြီး၏ အကျိုးသက်ရောက်မှုကို အများဆုံး ခံရမည်ဖြစ်သော်လည်း ၎င်းတို့သည်ပင်လျှင် လူ့အဖွဲ့အစည်းများ၏ ပြန်လည်ထူထောင်ရေး အတွက် ကျောထောက်နောက်ခံများ ဖြစ်ကြသည်။ ဤအကြောင်းအရာကို ဦးတည်သော တုန့်ပြန်ဆောင်ရွက်မှု မူဝါဒအားလုံးသည်လည်း ပိုမိုအကျိုးသက်ရောက်မှု ရှိပါလိမ့်မည်။

ဤမူဝါဒ-ရေးရာ စာတမ်း တွင် အထက်ပါအကျိုးကျေးဇူးများရရှိရန်အတွက် ကဏ္ဍအားလုံး အကျုံးဝင်သည့် (cross-cutting) ဦးစားပေး (၃) ရပ်ကို အလေးပေး ဖော်ပြထားသည်။

**၁) COVID-19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆိုင်ရာ ကိစ္စရပ်တိုင်းတွင် အမျိုးသမီးများအား တန်းတူညီမျှစွာ ပါဝင်ကိုယ်စားပြုစေခြင်း။**

စီးပွားရေးဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းများ စသော ကဏ္ဍများတွင် မေးခွန်းမေးဖွယ်ရာမရှိ **သက်သေ** သာဓကများအနေဖြင့် ပြသနေသည်မှာ အမျိုးသမီးများနှင့် တိုင်ပင်ဆွေးနွေးခြင်းမရှိသော သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ၎င်းတို့ ပါဝင်ခြင်းမရှိသော မူဝါဒများသည် အကျိုးသက်ရောက်မှု လျော့နည်းရုံသာမက ဘေးဥပါဒ်ပင် ဖြစ်ပေါ်နိုင်သည်။ ထို့အပြင်အမျိုးသမီးတစ်ဦးတစ်ယောက်ခြင်းစီသာမက လူမှုအဖွဲ့အစည်းများ၏ ရှေ့တန်းတွင်တာဝန်ထမ်းဆောင် နေသည့် အမျိုးသမီး အဖွဲ့အစည်းများပါ ကိုယ်စားပြု၍ ပံ့ပိုးပေးသင့်သည်။

**၂) ပြုစုစောင့်ရှောက်မှုဆိုင်ရာ စီးပွားရေး**လုပ်ငန်း**တွင် အခကြေးငွေဖြင့် လုပ်ဆောင်နေကြသူများနှင့် အခကြေးငွေမရရှိဘဲ လုပ်ဆောင်နေကြသူများ များအတွက် တန်းတူညီမျှရေးရရှိရန်ဦးတည်ခြင်း**

ကျောင်းဆရာ၊ ဆရာမများ နှင့် သူနာပြုများ ပါ ပါဝင်သော တရားဝင် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အလုပ်အကိုင်များ သည် အခြားကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် လစာနည်းပါးကြသည်။ နေအိမ်များတွင်လည်း အမျိုးသမီးများက ပြုစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာအများအပြားကို အခကြေးငွေမရရှိဘဲ မည်သူမျှ မမြင် နိုင်ဘဲ လုပ်ဆောင်နေကြရသည်။ နှစ်မျိုးလုံးသည် နေ့စဉ်လူမှုဘဝနှင့် စီးပွားရေးတို့အတွက် အခြေခံကျသော်လည်း ကျား/မဆိုင်ရာစံနှုန်းများ နှင့် မညီမျှခြင်းများ တွင် ခိုင်မာစွာ အမြစ်တွယ် ဖြစ်ပေါ်လျက်ရှိသည်။

**၃) COVID-19 ၏ လူမှုစီးပွားရေး အကျိုးသက်ရောက်မှုများဆိုင်ရာ ကြိုးပမ်းလုပ်ဆောင်မှုတိုင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား ဦးတည်ဆောင်ရွက်ခြင်း။**

ပိုမိုကောင်းမွန်သည့် တန်းတူညီမျှမှု၊ အခွင့်အလမ်းနှင့် လူမှုရေးရာ ကာကွယ်စောင့်ရှောက်မှုများ ရရှိစေရန်အတွက် စီးပွားရေးတိုးတက်စေရန် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးပေးမည့် အစီအစဉ်များ နှင့် လူမှုရေး ထောက်ပံ့မှု အစီအစဉ်များကို ရေးဆွဲရာတွင် နိုင်ငံတကာ ကျား/မ ရေးရာ ရှုထောင့်မှ ထည့်သွင်းစဉ်းစား ခြင်းသည် အရေးကြီးသည်။

အဆိုပါ ကဏ္ဍအားလုံး အကျုံးဝင်သည့် (cross-cutting) ဦးစားပေး (၃) ရပ်သည် ကုလသမဂ္ဂ-အထွေထွေအတွင်းရေးမှူး ချုပ် ၏ လတ်တလော တိုက်တွန်းနေသော

လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်မှုများ လက်တွေ့အကောင်အထည်ဖော်ခြင်း(Call to Action on Human Rights) နှင့် ကိုက်ညီထင်ဟပ်နေသည်။ အဆိုပါ အချက်များအား လိုက်နာကျင့်သုံးမည်ဆိုပါက အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများအပေါ် အဓိပ္ပါယ်ပြည့်ဝသော အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ထို့အပြင် ဤနည်းလမ်းများသည် ကမ္ဘာ့ကပ်ရောဂါ အခြေအနေတွင် ပိုမို အရေးပါလာမည်ဖြစ်သည်။

---

၁ DESA မူဝါဒအကျဉ်း #၅၈, “COVID-19:လူမှုရေးရာ အကျပ်အတည်းများအား ဘဏ္ဍာရေးရာ လှုံ့ဆော်မှုစီမံချက်များမှတဆင့် ဖြေရှင်းခြင်း”
https://www.un.org/development/desa/dpad/
publication/un-desa-policy-brief-58-covid-19-addressing-the-social-crisis-through-fiscal-stimulus-plans/

# ၁။ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ

COVID-19 ၏ တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုသည် ကြီးမားပြင်းထန်လိမ့်မည်။ COVID-19 ၏ လူမှုစီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် "တာဝန်ဝတ္တရားဝေမျှမှု၊ ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှု" မူဝါဒရေးရာ စာတမ်း တွင် ပိုမိုအသေးစိတ် ရေးသား ဖော်ပြပြီးသည့်အတိုင်း ဈေးကွက်များနှင့် ကုန်သွယ် စီးဆင်းမှု များ နှောင့်နှေးကြန့်ကြာသွား၍ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းရခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်မှုအား လျှော့ချရခြင်းတို့ကြောင့် လူသန်းနှင့်ချီ၍ ရာထူးများနှင့် အလုပ်အကိုင်များ ဆုံးရှုံးပြီး သို့မဟုတ် ဆုံးရှုံးရလိမ့် မည်ဖြစ်သည်။[၂] ILO မှခန့်မှန်းထားသည်မှာ ယခုလက်ရှိအချိန်အထိ အသွားအလာကန့်သတ်တားမြစ်ခြင်း အချိန်ပြည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်း လုပ်ဆောင်မှုများကြောင့် အလုပ်သမား ၂.၇ ဘီလီယံကျော် ထိခိုက်နစ်နာနေပြီး ၎င်းအရေအတွက်သည် တစ်ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားထု၏ ၈၁% ခန့်အား ကိုယ်စားပြုနေသည်။ ၂၀၂၀ ခုနှစ်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ထုတ်ကုန်များ သိသိသာသာ လျော့နည်းသွားမည်ဟု IMF မှ ခန့်မှန်းထားသည်။[၃] COVID-19 သည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဆီသို့ ယိမ်းယိုင်နေစေပြီး အတိတ်မှ စီးပွားရေးကျဆင်းမှုများနှင့် များစွာအသွင်ကွဲပြားလိမ့်မည်။[၄]

COVID-19 ၏အကျိုးသက်ရောက်မှုများမှ ပေါ်ထွက်လာသည့် သာဓကများမှ အကြံပေး ဖော်ပြနေသည်မှာ အမျိုးသမီးများ၏ စီးပွားရေးနှင့် အလုပ်အကိုင်ဘဝများသည် အမျိုးသားနှင့် မတူညီပဲ အချိုးမညီမျှစွာ သက်ရောက်မှုရှိနေသည်။ တစ်ကမ္ဘာလုံးတွင် အမျိုးသမီးများသည် ဝင်ငွေပိုမိုနည်းပါး၍ စုဆောင်းမှုပိုမိုနည်းပါးကာ ပိုမို၍မတည်မြဲသည့် အလုပ်အကိုင်များရှိကြပြီး အလွတ်တန်းကဏ္ဍများတွင် ပိုမို အလုပ်လုပ်ကိုင်နေရလေ့ ရှိကြသည်။ ၎င်းတို့တွင် လူမှုရေး ကာကွယ်စောင့်ရှောက်ခြင်း ရရှိနိုင်မှု ပိုမိုလျော့နည်းပြီး မိဘတစ်ဦးတည်းရှိသော အိမ်ထောင်စုအများစု ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ စီးပွားရေးကျဆင်းမှုဒဏ် ခံနိုင်စွမ်းမှာ အမျိုးသားများထက် လျော့နည်းသည်။

အမျိုးသမီးများသည် ၎င်းတို့၏ နေအိမ်များတွင် ပြုစုစောင့်ရှောက်မှု လိုအပ်ချက်အတွက် ပိုမိုလုပ်ဆောင်ရသောကြောင့် ၎င်းတို့၏ အလုပ်အကိုင်များမှ ငွေကြေးဖြတ်တောက်မှုများနှင့် အလုပ်မှ ထုတ်ပယ်ခံရခြင်းများတွင်လည်း အချိုးမညီမျှစွာ အကျိုးသက်ရောက်မှုရှိသည်။ အထူးသဖြင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများအတွက် ၎င်းတို့ကိုယ်တိုင် နှင့် ၎င်းတို့၏ မိသားစုများကို ပံ့ပိုးကူညီရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည် အကန့်အသတ်ဖြစ်နေခြင်းများ၊ အမျိုးသမီး အလုပ်သမားထုအတွင်း ပါဝင်ဆောင်ရွက်မှုမှာ အကဲဆတ်သည့် ယခင်အခြေအနေသို့ပြန်လည် ရောက်ရှိသွားခြင်း ကဲ့သို့ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံအများအပြားတွင် ပထမအကြိမ် အလုပ်သမားများ လျှော့ချမှုပြုလုပ်ရာ၌ အမျိုးသမီးများစွာ ခန့်အပ်ထားသော လက်လီရောင်းဝယ်ရေးများ၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း များပါဝင်သည့် ဝန်ဆောင်မှုကဏ္ဍများတွင် လျှော့ချမှု ပိုမိုများပြားခဲ့သည်။

အမျိုးသမီးအများစု (၇၀ ရာခိုင်နှုန်း)မှာ အလုပ်မှထုတ်ပယ်ခံရခြင်းမှ ကာကွယ်မှု နည်းပါးသော သို့မဟုတ် လစာဖြင့် ခွင့်ပေးခြင်းနှင့် လူမှုရေးရာ ကာကွယ်စောင့်ရှောက်မှုနည်းပါးသော အလွတ်တန်းစီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လျက်ရှိ သော ဖွံ့ဖြိုးတိုးတက်ဆဲ စီးပွားရေးလုပ်ငန်းများ၏ အခြေအနေမှာ ယခုအချိန်တွင် ပိုမိုဆိုးရွားနေသည်။ ထိုအလုပ်သမားများသည် ဝင်ငွေရရှိရန်အတွက် အများပိုင်နေရာများနှင့် လူမှုရေးရာ ဆက်သွယ်မှုများအပေါ် ပုံမှန်အားဖြင့် မှီခိုနေရပြီး ယင်းတို့အား ယခုအခါတွင် ဤကမ္ဘာကပ်ရောဂါကြီး ပြန့်ပွားမှု ထိမ်းချုပ်နိုင်ရန်အတွက် ကန့်သတ်ထားခြင်း ခံထားရသည်။[၅]

Ebola ဗိုင်းရပ်စ်မှ ပြသခဲ့သည်မှာ အသွားအလာကန့်သတ်ခြင်းသည် အမျိုးသမီးများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်များကို သိသိသာသာ ကျဆင်းစေပြီး ဆင်းရဲနွမ်းပါးမှုနှုန်းများကို မြင့်တက်စေကာ စားနပ်ရိက္ခာ

မဖူလုံမှုအား ပိုမိုဆိုးရွားလာစေသည်။[၆] လိုင်ဘေးရီးယားနိုင်ငံတွင် ပျမ်းမျှအားဖြင့် ၈၅ ရာခိုင်နှုန်းသော နေ့စဉ်စျေးဝယ် ဖောက်ကားသူတို့မှာ အမျိုးသမီးများဖြစ်ကြပြီး Ebola တားဆီးရေးလုပ်ဆောင်မှုများ (အသွားအလာကန့်သတ်ခြင်း အပါအဝင်)ကြောင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး လုံခြုံမှုတို့အပေါ် ပြင်းထန်စွာ အကျိုးသက်ရောက်ခဲ့သည်။[၇] ထို့အပြင် အမျိုးသားများ၏ စီးပွားရေး လှုပ်ရှားမှုများသည် တားဆီးရေးလုပ်ဆောင်မှုများ အပြီးတွင် ရောဂါမဖြစ်ပွါးမီ ယခင်အခြေအနေသို့ များမကြာမီ ပြန်လည်ရောက်ရှိသွားသော်လည်း အမျိုးသမီးများ၏ စီးပွားရေး လုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် ယခင် အခြေအနေသို့ရောက်ရှိရန် အချိန်များစွာ ပိုမိုကြာမြင့်ခဲ့သည်။

အတိတ်မှ အတွေ့အကြုံများနှင့် လက်ရှိ ထွက်ပေါ်လာသော အချက်အလက်များမှနေ၍ COVID-19 ၏ တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုသည် ဆင်းရဲနွမ်းပါးနေပြီးဖြစ်သော အမျိုးသမီးများအပေါ် ပိုမိုအကျိုးသက်ရောက်မည်ဖြစ်ပြီး အမျိုးသမီးများ၏ ဝင်ငွေနှင့် အလုပ်ပြန်လည်ရရှိနိုင်ရေးတို့အတွက်လည်း အချိန်ကြာမြင့်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ လတ်တလော စီးပွားရေးတိုးတက်မှုများကြောင့် အလွန်အမင်းဆင်းရဲနွမ်းပါးသည့် အခြေအနေများမှ ရုန်းထွက်နိုင်ခဲ့သည့် သူများသည်ပင်လျှင် ထိုကဲ့သို့ အားအနည်းဆုံးသော အခြေအနေများသို့ ပြန်လည်ရောက်ရှိသွားနိုင်သည်။

## စီးပွားရေး ပြန်လည်ကောင်းမွန်စေနိုင်မည့် နည်းလမ်းများ

COVID-19ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားမှုအပြီး ဆောင်ရွက်ချက်တိုင်းတွင် တန်းတူညီမျှစွာ အားလုံးအကျုံးဝင် ပါဝင်နိုင်သော ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးနှင့် လူ့ဘောင်အဖွဲ့အစည်းများ တည်ဆောက်ရန် မျှော်မှန်းရမည်ဖြစ်သည်။ ဤအရာသည် ကမ္ဘာ့ကပ်ရောဂါမှ ထွက်ပေါ်လာသော အရှင်းလင်းဆုံး သင်ခန်းစာ ဖြစ်နိုင်သည်။ ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များနှင့် ပြန်လည်ထူထောင်ရေး စီမံချက်များတွင် ကျား/မရေးရာကို ထည့်သွင်းစဉ်းစားသည့် စီးပွားရေးနှင့် လူမှုရေးရာ မူဝါဒများအပြင် အမျိုးသမီးများ၏ စီးပွါးရေးရာဆောင်ရွက်ချက်များလည်း ပါဝင်သင့်သည်။

နိုင်ငံပေါင်း ၁၀၅ နိုင်ငံရှိ ဘဏ္ဍာရေးဆောင်ရွက်ချက် စီမံမှုများသည် မတ်လ ၃၁ ရက်နေ့တွင် အမေရိ ကန်ဒေါ်လာ ၄.၈ ထရီလီယံ နှင့် ညီမျှနေပြီဖြစ်သည်။[၈] ဧပြီ ၃ ရက်နေ့တွင် COVID-19 ရောဂါနှင့် ပတ်သက်သော လူမှုကာကွယ်ရေးနှင့် အလုပ်အကိုင် အစီအစဉ်များအား ရေးဆွဲခဲ့သော နိုင်ငံပေါင်းသည် ၁၀၆ နိုင်ငံ ရှိနေပြီဖြစ်သည်။[၉] ထိုစီမံချက်များတွင် လူမှုရေးရာထောက်ပံမှု (non-contributory transfers)သည် အသုံးအများဆုံးအရာဖြစ်ပြီး ယင်းနောက်တွင် လူမှုရေးရာအာမခံချက်နှင့် အလုပ်သမားဈေးကွက် (supply-side) ဆိုင်ရာ ဆောင်ရွက်ချက်များသည်လည်း အသုံးများကြသည်။ ထိုဆောင်ရွက်ချက်များတွင် ကျားမဆိုင်ရာ စာရင်းအင်း အချက်အလက်များ၊ ကျားမရေးရာ ရှုထောင့်မှ လေ့လာသုံးသပ်ခြင်း နှင့် အမျိုးသမီးများအတွက် သီးသန့် ဦးတည်သော အစီအစဉ်များလည်း ပါဝင်ရန် အရေးကြီးသည်။ ဥပမာ-လူမှုရေးရာထောက်ပံ့မှုဆောင်ရွက်ချက်များတွင် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်များကို အများဆုံးအသုံးပြုကြသည်။ အမျိုးသမီးအလုပ်သမားများပြားပြီး ကုန်သွယ်စီးဆင်းမှုဆိုင်ရာ အခက်အခဲများရှိသော ကဏ္ဍများတွင် အကြွေး၊ ချေးငွေ နှင့် ထောက်ပံ့ကြေးများ ရရှိနိုင်စေရန် ပြုလုပ်ပေးသင့်သည်။ သို့မှသာ အမျိုးသမီး လုပ်သားအင်အားကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့နည်းတူစွာ ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်များသည် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ၏ ပြုစုစောင့်ရှောက်မှု တာဝန်ဝတ္တရားများ နှင့် ၎င်းတို့၏ လုပ်ငန်းခွင်ရှိ အလွတ်သဘော ပြုလုပ်ပေးရသော အကျိုးရပိုင်ခွင့်များရရှိစေရန်အတွက် ဆောင်ရွက်ရမည်။

ထို့အပြင် စီးပွားရေးမူဝါဒများ၏ ရေတိုဆောင်ရွက်ချက်နှင့် ရေရှည်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက် နှစ်မျိုးလုံး ကို ကျားမရေးရာ ရှုထောင့်မှ လေ့လာ သုံးသပ်ပြီး ရေးဆွဲ အကောင်အထည်ဖော် သင့်သည်။ ယင်းမူဝါဒ များတွင် စီးပွားရေးလုပ်ငန်းများရှိ အမျိုးသမီးများ အပြည့်အဝ ပါဝင်မှု၊ လစာနှင့် အခွင့်အရေးများ တန်းတူ ပေး အပ်မှု စသော အခွင့်အရေးများအား ဟန့်တားနေသော အတား အဆီးများ၊ တည်ရှိဆဲ ဘက်လိုက်အသားပေးသော လူမှုရေးရာ ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား ဖယ်ရှားရမည်ဖြစ်ပြီး အမျိုးသမီးများ၏ ကိုယ်ပိုင် လုပ်ငန်းများအား မြှင့်တင်နိုင်စေရန် အမျိုးသမီး လုပ်ငန်း ရှင်များ နှင့် ယန္တရားနည်းစနစ်များအား ငွေကြေးထောက်ပံ့ ခြင်းများ လည်း ပြုလုပ်သင့်သည်။ ထိုသို့စီးပွါးရေး ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များကို အစိုးရနှင့် ပုဂ္ဂလိက နယ်ပယ် နှစ်မျိုးလုံးတွင် လုပ်ဆောင်သင့်သည်။ ထို့နည်းတူစွာ ကျား/မအခြေပြု ပညာရေးကွာဟချက်များ လျော့ နည်းစေရန်၊တရားဝင် အလုပ်သမားနယ်ပယ်တွင် အမျိုးသမီးများဆက်လက်ကျန်ရှိစေရန် နှင့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများအား တိုးချဲ့နိုင်စေရန် လုပ်ဆောင်မှုများသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ သို့မှသာ

စီးပွါးရေးလုပ်ငန်းများအနေဖြင့် ပိုမိုအားကောင်းပြီး တန်းတူညီမျှစွာ ရေရှည်တိုးတက်ဖွံ့ဖြိုးနိုင်သော ပြန်လည်ထူထောင်စွမ်းရည်ရှိမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် လက်ရှိ လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်သည် ကျယ်ပြန့်စွာ ထောက်ပံ့နိုင်ခြင်းမရှိ သေးပါ။ ထောက်ပံ့ပေးမှုများသည် တရားဝင်အလုပ်သမားအဖြစ် လုပ်ကိုင်မှုအပေါ်အခြေခံသောကြောင့် အမျိုးသမီးအများစုအနေဖြင့် ရယူပိုင်ခွင့်မရှိနိုင်ချေ။ တောင်အာရှနိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ မဟုတ်သော အလုပ်အကိုင်များတွင် လုပ်ကိုင်လျက်ရှိသော အမျိုးသမီးများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် တရားဝင်မဟုတ်ဘဲ အလွတ်သဘော လုပ်ကိုင်နေခြင်းဖြစ်ပြီး ထိုသို့လုပ်ကိုင်နေသော အမျိုးသမီးအရေအတွက်သည် အာဖရိကတွင် ၇၄ ရာခိုင်နှုန်း၊ လက်တင်အမေရိကနှင့် ကာရေဗီယံ ဒေသတွင် ၅၄ ရာခိုင်နှုန်းခန့် ရှိသည်။ ကျန်းမာရေးအာမခံချက်၊ လစာဖြင့် နာမကျန်းခွင့် နှင့် ကိုယ်ဝန်ဆောင်ခွင့်၊ ပင်စင်နှင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်များအား တရားဝင် အလုပ်အကိုင်များအပြင် နယ်ပယ်အသီးသီးရှိ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသော အမျိုးသမီးများအတွက်လည်း လက်လှမ်းမီရယူနိုင်ရန်လိုအပ်သည်။

---

၂။ “တာဝန်ဝတ္တရားဝေမျှမှု၊ ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှု။ ၂၀၂၀ ခုနှစ် မတ်လရှိ Covid-19 ၏ လူမှုစီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ချက် https://www.un.org/Sites/Un2.Un.Org/Files/Sg_Report_Socio-Economic_Impact_Of_Covid19.Pdf

၃။ IMF, ကိုးကား https://blogs.imf.org/2020/04/06/an-early-view-of-the-economic-impact-of-the-pandemic-in-5-charts/ [IMF အနေဖြင့် ဧပြီလ ၁၄ ရက်မှသာ ကမ္ဘာ့စီးပွါးရေးဆိုင်ရာ ခန့်မှန်းချက်အား ထုတ်ပြန်သွားမည်ဖြစ်သည်။]

၄။ https://www.forbes.com/sites/miltonezrati/2020/03/18/heading-off-the-covid-19-recession/#651eba9a28e6

၅ တစ်ကမ္ဘာလုံးတွင် အလွတ်သဘောအလုပ်အကိုင်များမှာ အလုပ်အကိုင်အရင်းအမြစ်၏ ကြီးမားသော ကဏ္ဍတစ်ခုဖြစ်ပြီး အမျိုးသား (၆၃ ရာခိုင်နှုန်း) နှင့် အမျိုးသမီး(၅၈.၁ ရာခိုင်နှုန်း)ပါဝင်သည်။ သို့သော် ဝင်ငွေအဆင့် အနည်းပါးဆုံးနှင့် အတန်အသင့် နည်းပါးသော နိုင်ငံများတွင် အမျိုးသမီးရာခိုင်နှုန်း ပိုမိုမြင့်မားသည်။ ဥပမာ- အာဖရိကနိုင်ငံများ၏ အလွတ်သဘော အလုပ်အကိုင်ကဏ္ဍတွင် အမျိုးသမီး ၉၀ ရာခိုင်နှုန်းနှင့် အမျိုးသား ၈၃ ရာခိုင်နှုန်း ရှိသည်။ (https://www.ilo.org/wcmsp5/groups/public/---dgreports/---dcomm/docu- ments/publication/wcms_626831.pdf, pages 20-21)

၆။ လူမှုဖူလုံရေး၊ ကျား/မနှင့် ကလေးသူငယ်များ၏ အမှုကိစ္စဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့အစည်း၊ Oxfam, Statistics Sierra Leone (၂၀၁၄)

Ebola ရောဂါကြောင့် ကျား/မကဏ္ဍအပေါ် ကဏ္ဍပေါင်းစုံမှ အကျိုးသက်ရောက်မှုများအား အကဲဖြတ်စစ်ဆေးချက်

၇။ https://www.unwomen.org/en/news/stories/2014/11/in-liberia-mobile-banking-to-help-ebola-affected-women-traders

၈။ အောက်စဖို့ဒ် COVID-19 ဆိုင်ရာ အစိုးရ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် အခြေခံ၍ ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့အစည်းမှ တွက်ချက်မှုများ https://www.bsg.ox.ac.uk/research/research-projects/oxford-covid-19-government-response-tracker


၉။ http://www.ugogentilini.net/wp-content/uploads/2020/04/Country-social-protection-COVID-responses_April3-1.pdf

## There will be aggravated impacts of COVID-19 for women already living on the economic margins

Women spend

3x as many hours as men in **unpaid care and domestic work,** limiting their access to decent work.

More men between the ages of 25 to 54 are in the **labour force** than women:




The global **gender pay gap** is stuck at

16%

with **women paid up to 35% less than men** in some countries.

740 million women

globally work in the **informal economy.**

Globally,


65% of women

had an **account at a financial institution** in 2017, compared to

72% of men





Labour Force Participation Rate Among Individuals Aged 25–54, by Sex and Region, 1998-2018




Source: Weighted averages calculated by UN Women using data from ILO 2018c and UN DESA 2017m.

Notes: Data refer to latest available in reference period for 188 countries. The sample of 188 countries covers most of the world's population aged 25–54 in 2018.


# Number and type of programmes that have been introduced or adopted by countries in response to the COVID-19 crisis







**Social assistance intervention by programme type**



**အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်မှု စီမံချက်များ မှာ အောက်ပါအတိုင်း ဖြစ်သင့်သည်ဟု အကြံပြုထားသည်။**

> အမျိုးသမီးများထံသို့ ငွေကြေးများထောက်ပံ့ခြင်း - အမျိုးသမီးများထံသို့တိုက်ရိုက်ငွေကြေးများထောက်ပံ့နိုင်သော တည်ဆဲစီမံချက် (ဥပမာ-မိုဘိုင်းငွေလွှဲမှုကို တိုက်ရိုက် အသုံးပြုကာ ငွေကြေးထောက်ပံ့ခြင်း) များရှိပါက ပိုမိုတိုးချဲ့ လုပ်ဆောင်သင့်သည်။

> စီးပွားရေး လုပ်ငန်းအသုံးစရိတ်များလျော့ချခြင်း (ဥပမာ-ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် လျှပ်စစ်မီတာခများအား ယာယီရပ်ဆိုင်းပေးခြင်း) နည်းလမ်းများအား စတင်ကျင့်သုံးခြင်း

>တည်ရှိပြီးသော လူမှုရေးရာ ကာကွယ်စောင့်ရှောက်ရေး စီမံချက်များ ကျင့်သုံးပြီး COVID-19 ကြောင့် ထိခိုက်ခဲ့သော အုပ်စု များအတွက် ဝင်ငွေ ရရှိစေရန်နည်းလမ်းများ ဦးတည်ဖော်ဆောင်ခြင်း အထူးသဖြင့် အမျိုးသမီးများအား ကိုယ်စားပြုသော လုပ်ငန်းများ (ဥပမာ- ခရီးသွားလုပ်ငန်း၊ သင်ကြားမှုဆိုင်ရာ လုပ်ငန်း၊ လက်လီရောင်းဝယ်ရေး၊ စားသောက်ဆိုင်များ၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည်).

➢ အလွတ်သဘောဖြင့် လုပ်ကိုင်နေသော အလုပ်သမားများအား အခြေခံလူမှုကာကွယ်စောင့်ရှောက်ရေး များအား တိုးမြှင့်ပေးခြင်း

> အမျိုးသမီးများ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများတွင် အခွန်များ လျော့ကျစေရန် နည်းလမ်းများ မိတ်ဆက်ကျင့်သုံးခြင်း .

> အမျိုးသမီးများကွန်ယက်များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများဖြစ်သော အသေးစားငွေချေးမှု နှင့် ငွေစုဆောင်းမှု လုပ်ငန်းများကို အသုံးပြု၍ အကျိုးခံစားခွင့်များရရှိစေရန် ဆက်သွယ်လုပ်ဆောင်ခြင်း

> COVID-19 ၏ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကျိုးသက်ရောက်မှု (စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ) များကို နားလည်သိရှိနိုင်စေရန်အတွက် နိုင်ငံတိုင်းရှိ လေ့လာဆန်းစစ်ချက် များတွင် ကျား/မဆိုင်ရာ လေ့လာဆန်းစစ်ချက်များပါ ပူးပေါင်းထည့်သွင်းကာ မည်သို့ ထိရောက်စွာ ဖြေရှင်းရမည်ကို ပါ ဖော်ပြသင့်သည်။

**အလွတ်သဘော လုပ်ကိုင်နေသော အလုပ်သမားများနှင့် အမျိုးသမီးများ ဦးစီးသော စီးပွားရေးလုပ်ငန်းများအား တိုက်ရိုက်ထောက်ပံ့ခြင်းသည် အလွန်အရေးကြီးသည်။**
ဘဏ္ဍာရေးရာ ထောက်ပံ့မှုများ အနေဖြင့် ထိခိုက်ဆုံးရှုံးမှုများသော အမျိုးသမီးဦးစီးသည့် လုပ်ငန်းများ နှင့် စီးပွားရေးများအား ဦးတည်ရန် လိုအပ်ပြီး ၎င်းတို့အား ငွေကြေးထောက်ပံ့ခြင်းများနှင့် နိုင်ငံမှ ချေးငွေထုတ်ချေးခြင်းများ ပြုလုပ်ပေးပြီး အခွန်နှင့် လူမှုဖူလုံရေးရာ ပေးဆောင်မှုများအား ရွှေ့ဆိုင်းခြင်းနှင့် လွတ်ငြိမ်းခွင့်ပေးသင့်သည်။ အစိုးရအနေဖြင့်လည်း (ထိုင်းနိုင်ငံနှင့် ပီရူးနိုင်ငံ တို့တွင်ပြုလုပ်သကဲ့သို့) ဥပမာ- အလွတ်သဘော လုပ်ကိုင်နေသော အလုပ်သမားများအား ဝင်ငွေအစားထိုး ရရှိစေသော နည်းလမ်းများ ထောက်ပံ့ပေးခြင်းစသော လုပ်ဆောင်မှုများအား အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်နေသော လုပ်သားများအတွက်လည်း ထည့်သွင်းစဥ်းစားပေးသင့်သည်။ အစိုးရအနေဖြင့် အစားအသောက်များ၊ အခြေခံလိုအပ်သော ပစ္စည်းများ၊ သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ နှင့် တစ်ကိုယ်ရည် ကာကွယ်မှု ပစ္စည်းများဝယ်ယူရာတွင် အမျိုးသမီးများ ဦးဆောင်သော

စီးပွားရေးလုပ်ငန်းများမှ ဝယ်ယူသင့်သည်။ အလွတ်တန်းစီးပွါးရေးတွင် လုပ်ကိုင်နေသော အမျိုးသမီးများအနေဖြင့် အထူးသဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုနှင့် လက်လှမ်းမမီသူများ အတွက်  ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် အလုပ်လက်မဲ့ လျော်ကြေးပေးခြင်းတို့အား အလေးပေးဆောင်ရွက်ပေးသင့်သည်။

> ကော်စတာရီကာနိုင်ငံတွင် အစိုးရမှ သမဝါယမအသင်းအဖွဲ့များနှင့် လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ဒေသခံတိုင်းရင်းသားများ၊ အာဖရိကမျိုးနွယ်ဝင်များ၊ တောင်သူလယ်သမားများ၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် မသန်စွမ်းသူများအား ဦးတည်သော စီးပွားရေး စီမံကိန်းဆိုင်ရာ ချေးငွေများအတွက် အတိုးနှုန်း ကင်းလွတ်ခွင့် လျှော့ ချမှုများ ပေးအပ်ထားသည်။

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် မည်သို့ ကူညီထောက်ပံ့နိုင်မည်နည်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ကျား/မဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်နှင့် ကျား၊ မ ဆိုင်ရာ အချက်အလက်များအား COVID-19 စီမံချက်များနှင့် မူဝါဒများအပါအဝင် အမျိုးသားမူဝါဒများသို့ သတင်းအချက်အလက်များ ပေးပို့ခြင်းများ ပြုလုပ်ပေးနိုင်သည်။

ကျွန်ုပ်တို့အနေဖြင့် စီးပွားရေးလုပ်ငန်းအသုံးစရိတ်များလျှော့ချကာ ဖော်ဆောင်နိုင်မည့် နည်းလမ်းများနှင့် COVID-19 ဆိုင်ရာ သီးသန့်ခွဲခြားနေထိုင်စေခြင်း နှင့် အသွားအလာ ကန့်သတ်တားမြစ်ခြင်း တို့ကြောင့် အမျိုးသမီးများ ပိုမိုများပြားနေသော ကဏ္ဍများရှိ အမျိုးသမီးများ၏ ဝင်ငွေကို ထောက်ပံ့ပေးသော အစီအစဥ်များကို အစိုးရများအား အကြံပြုနိုင်သည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် အစိုးရများအား အမျိုးသမီးများထံသို့ ငွေကြေးထောက်ပံ့နိုင်သော အထိရောက်ဆုံး နည်းလမ်းများ ဖြစ်သည့် ငွေကြေးထောက်ပံ့မှုအစီအစဥ်များမှတဆင့် အခြေအနေပေါ် မူတည်သော ထောက်ပံ့မှုအစီအစဥ်များအား အကြံပေးနိုင်သည်။ ထို့အပြင် အမျိုးသမီးများ သုံးစွဲနိုင်သော မိုဘိုင်းငွေလွှဲမှုအစီအစဥ်များအား မည်သို့ အရှိန်အဟုန်တိုးမြင့် ဆောင်ရွက်နိုင်ကြောင်း နှင့် ရန်ပုံငွေများအား မည်သို့ အသုံးပြုရမည်ဖြစ်ကြောင်းကိုလည်း အကြံပြုနိုင်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အမျိုးသမီးများအား ဦးတည်သော စီးပွားရေးတိုးတက်လာစေရန်  ဘဏ္ဍာရေး ဆိုင်ရာ ပံ့ပိုးပေးမည့် အစီအစဥ်များ ရေးဆွဲရန်လည်း ပံ့ပိုးကူညီနိုင်သည်။

# ၂။ ကျန်းမာရေး အကျိုးသက်ရောက်မှု များ

 အမျိုးသမီးများနှင့် မိန်းကလေးငယ်များအနေဖြင့် ကမ္ဘာ့ကျန်းမာရေးကပ်ရောဂါကြောင့် ကျန်းမာရေးကုသမှုခံယူရန် နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရယူရန်  ပိုမိုခက်ခဲစေသည်။ ထိုသို့ခက်ခဲစေသော အကြောင်းအရာများမှာ တန်းတူညီမျှခြင်း မရှိမှုများ၊ တိုင်းရင်းသား၊ လူမှုစီးပွားရေးအခြေအနေ၊ မသန်စွမ်းမှု၊ အသက်အရွယ်၊ လူမျိုး၊ ပထဝီအနေအထား တည်နေရာနှင့်လိင် ပိုင်းဆိုင်ရာ အသိ ပညာ ပြည့် စုံ မှု  စသည့် ဘက်ပေါင်းစုံ သို့မဟုတ် အထက်ပါအကြောင်းအရာများ ပေါင်းဆုံမှုကြောင့်  ပိုဆိုးလာစေသည်။ ထို့အပြင် ၎င်းအရာများသည် COVID-19ဆိုင်ရာ  အရေးကြီးသော ကျန်းမာရေးဝန်ဆောင်မှုများနှင့်သတင်းအချက်အလက်များအား  ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင်လည်း များစွာလွှမ်းမိုးမှုရှိသည်။

အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ( အထူးသဖြင့် ကျေးရွာများနှင့် ဖယ်ကျဥ်ခံထားရသော လူအဖွဲ့အစည်းများ)တွင် သီးသန့်ကျန်းမာရေးလိုအပ်ချက်များရှိသော်လည်း ၎င်းတို့အနေဖြင့် အရည်အသွေးကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများ၊ မရှိမဖြစ်လိုအပ်သော ဆေးဝါးများနှင့် ကာကွယ်ဆေးများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေး ပြုစုစောင့်ရှောက်ခြင်းများ၊ ပုံမှန် သို့မဟုတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေး ကုသစရိတ်ခံစားခွင့်များကို ရယူနိုင်သူနည်းပါးကြသည်။ လူမှုရေးရာ စံနှုန်းထိန်းချုပ်မှုများနှင့် ကျား/မဆိုင်ရာ ပုံသေသတ်မှတ်မှုများသည် အမျိုးသမီးများ၏ ကျန်းမာရေးဝန်ဆောင်မှုများ ရယူနိုင် ရန် ကန့်သတ်ထားသည်။ ထိုအကျိုးသက် ရောက်မှုများသည် ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါဖြစ်နေစဥ်အချိန်အတွင်း ပိုမိုသက်ရောက်မှုရှိသည်။

**လုပ်ငန်းခွင် ကျားမဆိုင်ရာ သီးသန့်ခွဲခြားမှုများကြောင့် အမျိုးသမီးများအတွက် အန္တရာယ်များ သို့မဟုတ် ထိတွေ့မှုများ ရှိနိုင်သည်။**
တစ်ကမ္ဘာလုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး အများစုမှာ ရှေ့တန်းကျန်းမာရေးဝန်ထမ်းများဖြစ်သော သူနာပြုဆရာမများ၊ **သား** ဖွားဆရာမများနှင့် ရပ်ရွာကျန်းမာရေးဝန်ထမ်းများ ဖြစ်ကြသည်။ ထို့အပြင် အခြားသော ကျန်းမာရေး ဝန်ဆောင်မှုများ ပံ့ပိုးပေးသော ဝန်ထမ်းဖြစ်သည့် သန့်ရှင်းရေးလုပ်သား၊ အဝတ်လျှော်လုပ်သား နှင့် အကျွေးအမွေး တာဝန်ယူသော လုပ်သား အများစုသည် အမျိုးသမီးများ ဖြစ်သောကြောင့် ရောဂါပိုးနှင့် ပိုမိုထိတွေ့ နိုင်ချေရှိသည်။ အချို့သော ကဏ္ဍများတွင် အမျိုးသမီးများသည် တစ်ကိုယ်ရည်ကာကွယ်မှု ပစ္စည်းများ**အသုံးပြုရခြင်း** သို့မဟုတ် အရွယ်အစား မှန်မှန်ကန်ကန် အသုံးပြုရခြင်း တို့ လက်လှမ်းမီမှု နည်းပါး သည်။ ထို **အချက်** များအပြင် COVID-19 နှင့် သက်ဆိုင်သော နိုင်ငံအဆင့် ၊ ကမ္ဘာ့အဆင့် ဆုံးဖြတ်ချက်များချမှတ်နိုင်သော အမျိုးသမီးများမှာ နည်းပါးသည်။

 **လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွါးမှုဆိုင်ရာ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု ။** ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများနှင့် ကျား/မအခြေပြု

အကြမ်းဖက်မှုများဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်သည့် လိင်ပိုင်းဆိုင်ရာ နှင့် မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ကျန်းမာပျော်ရွှင်သောဘဝ ပြည့်စုံ **ရန်** အတွက် အရေးကြီးသည်။ ထိုဝန်ဆောင်မှုများမှ ကင်းဝေးကာ အရေးကြီးသော အရင်းအမြစ်များအား မရရှိနိုင်ခြင်းကြောင့် ကလေးမွေး**ဖွား**စဥ် မိခင်များသေဆုံးမှုနှင့် ရောဂါဖြစ်ပွါးမှုနှုန်းများ ပိုမိုများပြားလာပြီး ပျိုဖော်ဝင်စအရွယ် ကိုယ်ဝန်ဆောင်မှုနှုန်းများနှင့် HIV နှင့် လိင်မှတဆင့် ကူးစက်တတ်သော ရောဂါများလည်း မြင့်တက်လာခဲ့သည်။ လက်တင်အမေရိကနှင့် ကာရေဗီယံတွင် အမျိုးသမီးဦးရေ ၁၈ သန်းသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ခေတ်မီသန္ဓေတားဆေးဝါးများအား ပုံမှန်မရရှိနိုင်ဟု ခန့်မှန်းတွက်ချက်ထားသည်။[၁၁]


**COVID-19 ၏ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအား အမျိုးသားရေးအဆင့် အနေဖြင့် မည်သို့တုံ့ပြန်ဆောင်ရွက်မည်နည်း။**

COVID-19 ဆိုင်ရာ ပြည်သူကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်ဆောင်ရွက်မှု စီမံချက်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ကျရောက်နိုင်သည့် ကျန်းမာရေးအကျိုးသက်ရောက်မှုများအား ထည့်သွင်းစဥ်းစားရန် အရေးကြီးသည်။

---

၁၀ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း WHO (၂၀၁၉). ကျန်းမာရေးဝန်ထမ်းအင်အားများရှိ ကျား/မ တန်းတူညီမျှမှု။ နိုင်ငံပေါင်း ၁၀၄ ၏ ဆန်းစစ်လေ့လာချက်: https://apps.who.int/iris/bitstream/handle/10665/311314/ WHO-HIS-HWF-Gender-WP1-2019.1-eng.pdf?ua=1

၁၁လက်တင်အမေရိကတွင် သန္ဓေတားဆေးများအား ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူရခြင်း UNFPA ၊ လက်တင်အမေရိကနှင့် ကာရေဗီယံ ဒေသဆိုင်ရာ ရုံး ၂၀၂၀ခုနှစ် မတ်လ




**နယ်သာလန်နိုင်ငံ၏ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပိတ်ထားသော ဟိုတယ်များ၌ မိခင်/ကိုယ်ဝန်ဆောင်ပြုစု စောင့်ရှောက်ရေးများပြုလုပ်နိုင်ရန်အတွက် သားဖွား အဖွဲ့အား နေရာချ ထားပေးခြင်းခံရသည်။**

**အမျိုးသမီးများနှင့် မိန်းကလေးများအနေဖြင့် COVID-19ဆိုင်ရာ ပြည်သူ့ကျန်းမာရေး**

**သတင်းအချက်အလက်များ ရရှိနိုင်မှုသေချာစေရန်။**

ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ဆောင်ချက်များအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏အခြေအနေနှင့် အကြောင်းကိစ္စအမျိုးမျိုးကို ဦးတည်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များအား ဖော်ဆောင်၍ ဖြန့်ဝေနိုင်ရန် ပံ့ပိုးပေးရမည်။ ပညာသင်ကြားရေးတွင်လည်း ကန့်သတ်မှုများရှိနေခြင်းကြောင့် စာတတ်မြောက်မှု နိမ့်ပါးသော နေရာများတွင်ပါ သတင်းအချက်အလက်များအား သဘောပေါက်နိုင်စေရန်နှင့် ထိုအချက်အလက်များသည်

ယဉ်ကျေးမှုနှင့် ကိုက်ညီစေရုံသာမက လူတိုင်း သဘောပေါက်နားလည်နိုင်စေရမည်။ COVID-19 ကြိုတင်ကာကွယ်ရေး နှင့် ဆေးပညာဆိုင်ရာ အချက်အလက်များသည် ပဋိပက္ခဖြစ်နေသော နေရာများရှိ တိုက်ပွဲရှောင် စခန်းနှင့် ပြည်တွင်းနေရပ်စွန့်ခွာစခန်းများသာမက ဝေးလံသော ဒေသများနှင့် ကျေးလက်ဒေသများရှိ လူမှုအဖွဲ့အစည်းများရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များထံ သို့ တိကျစွာရောက်ရှိနိုင်ရန် ဖြန့်ဝေပေးရမည်ဖြစ်သည်။

**ရှေ့တန်းကျန်းမာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေသော အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း အလေးပေး ဆောင်ရွက်ရမည်ဖြစ်သည်။**

သားဖွား ဆရာမများ၊ သူနာပြုများ၊ ရပ်ရွာကျန်းမာရေးဝန်ထမ်းများ နှင့် ပံ့ပိုးကူညီပေးသူများစသော ရှေ့တန်းအမျိုးသမီးကျန်းမာရေး ဝန်ထမ်းများ၏ ကျန်းမာရေး၊ စိတ်ဓါတ်ရေးရာမြှင့်တင်ပေးမှု လိုအပ်ချက်နှင့် လုပ်ငန်းခွင် ပတ်ဝန်းကျင် အား အထူးဂရုပြုအလေးပေးရန် လိုအပ်သည်။ တစ်ကိုယ်ရည် ကာကွယ်မှုဝတ်စုံကိရိယာများ (PPE)သည်လည်း အမျိုးသမီး ခန္ဓာကိုယ်အချိုးအစားနှင့် သင့်တော်ရမည်။ ပုံမှန်မျက်နှာဖုံးများ (masks)နှင့် ကာကွယ်ပစ္စည်းများသည်လည်း အမျိုးသားခန္ဓာကိုယ်အချိုးအစားများနှင့်သာ သင့်တော် အရွယ်အစားများဖြစ်သောကြောင့် ထိုကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အမျိုးသမီးများအား ထည့်သွင်းစဉ်းစားခြင်းမပြုကြောင်းတွေ့ရှိရသည်။

အမျိုးသမီး ကျန်းမာရေး ဝန်ထမ်းများ နှင့် အထူးသဖြင့် ကာကွယ်ရေး၊စစ်ဆေးရေး နှင့် ကုသရေးတာဝန်များထမ်းဆောင်နေရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အခြေခံ တစ်ကိုယ် ရည်သန့်ရှင်းရေးနှင့် အခြားသန့်ရှင်းရေး ကိရိယာများ (ဥပမာ- အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ ဆပ်ပြာ၊ လက် သန့်စင်ဆေးရည် ) များလည်း ပါဝင်ရန် အရေးကြီးသည်။

ရှေ့တန်းတွင် လုပ်ကိုင်နေသော အမျိုးသမီးဝန်ထမ်းများနှင့် ရပ်ရွာစေတနာ့ဝန်ထမ်းများ၏ အားနည်းမှုများနှင့် အကြမ်းဖက်မှုများမြင့်တက်နေမှုကြောင့် ထိုညှဥ်းပန်းနှိပ်စက်မှုများနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုများ ကာကွယ်လျှော့ချရန် နည်းလမ်းများချမှတ်ရန် လိုအပ်သည်။ ရှေ့တန်းတွင် လုပ်ကိုင်နေသော အမျိုးသမီးများ၏ အသံ ထင်မြင်ချက်များအားလည်း တုံ့ပြန်ဆောင်ရွက်မှုစီမံချက်တွင် ထည့်သွင်းပေးရမည်ဖြစ်သည်။

**ပုံမှန် ကျန်းမာရေးဝန်ဆောင်မှုများ - အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ နှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများအား ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ပံ့ပိုးရမည်။**

အသက်အရွယ်ကြီးသော အမျိုးသမီးများ၊ ကျား/ မအခြေပြု အကြမ်းဖက်ခံရသူများ နှင့် မီးမဖွားမီ၊ မီးဖွားစဉ် နှင့် မီးဖွားပြီး ကျန်းမာရေး စောင့်ရှောက်မှုများ၊ အရေးပေါ် သားဖွားခြင်းနှင့် မွေးကင်းစ ကလေးငယ်ပြုစုစောင့်ရှောက်ရေးများအားလည်း အထူးဂရုပြုအလေးပေးရန် လိုအပ်သည်။

ရောဂါကူးစက်မှု ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများလည်း ပြုလုပ်ရန် လိုအပ်သည်။ အထူးသဖြင့်မိခင်မှ ကလေးသို့ HIV ကူးစက်နိုင်မှုဆိုင်ရာ ကာကွယ်မှုများသာမက အခြားသောHIV ကုသမှုများအားလည်း အခက်အခဲ အနှောင့်အယှက် မရှိစေရန်လည်း ဆက်လက်လုပ်ဆောင်ပေးသင့်သည်။

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်နည်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းမှဦးဆောင်သော ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ချက်များတွင် **ကျား/မ**ရှုထောင့်ကိုပါ ထည့်သွင်းစဉ်းစားခြင်းပြုထားသည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် ကမ္ဘာ့ကပ်ရောဂါနှင့် အခြားသော ကျန်းမာရေးဝန်ဆောင်မှုများကို အနှောင့်အယှက်မရှိစေရန်နှင့် **ကျား/မ**ရှုထောင့်မှနေ၍ အားကောင်းသော ကျန်းမာရေးစနစ်ဖြစ်စေရန်အတွက်လည်း ပံ့ပိုးပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ချက်များတွင် မူဝါဒရေးရာ အကြံပြုချက်များ၊ ကျန်းမာရေးရာ ပစ္စည်းကိရိယာများ ဝယ်ယူခြင်း နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံပစ္စည်းကိရိယာ(PPE)များ ဝယ်ယူခြင်းတို့ပါဝင်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ပြည်သူ့ကျန်းမာရေးနှင့် လူမှုထောက်ပံ့ရေးရာ စနစ်များ အားနည်းသည့် နိုင်ငံများ နှင့် လူသားချင်းစာနာထောက်ထားရမည့်အခြေအနေရှိသော နိုင်ငံများအား ထောက်ပံ့ပေးရန် လှုံ့ဆော်အားပေးသည်။ ထို့အပြင် နာမကျန်းဖြစ်နိုင်ချေများသော အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ HIV ရှိသောသူများ နှင့် မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဦးတည်၍ COVID-19 ဖြစ်နိုင်ချေအား လျှော့ချပေးခြင်းဆိုင်ရာ အသိအမြင်များ မြင့်တက်စေရန်အတွက်လည်း ပံ့ပိုးပေးသည်။ [၃၂] ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများသည်

အစိုးရများ၊ မိတ်ဖက်အဖွဲ့များနှင့်အတူ

ပူးပေါင်းဆောင်ရွက်ကာ

လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့်

အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏

အခွင့်အရေးများအတွက်

ဆက်လက်လုပ်ဆောင်နိုင်စေရန် ပံ့ပိုးပေးသည်။

၁၂ ttps://www.unfpa.org/featured

publication/women-and-young-persons-

disabilities

# ၃။ အခကြေးငွေ မရရှိသည့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အလုပ်များ

**ကမ္ဘာ့တရားဝင် စီးပွားရေးလုပ်ငန်းများနှင့် ကျွန်ုပ်တို့ နေ့စဉ်ဘဝဆက်လက်ရပ်တည်ရေးများသည် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏ မမြင်နိုင်သော နှင့် အခကြေးငွေမ ရရှိသော လုပ်အားအပေါ် တည်ဆောက်ထား သည်ဟူသောအချက်ကို ကမ္ဘာကပ်ဘေး COVID-19 ဖြစ်ပေါ်မှုကြောင့် ပိုမိုမြင်သာစေသည်။** ကလေးများ ကျောင်းမတက်ရခြင်း၊ သက်ကြီးရွယ်အိုများ နှင့် နေမကောင်းသော မိသားစုဝင်များ အားအနီးကပ်ပြုစုစောင့်ရှောက်ရခြင်း နှင့် အလုပ်ဝန်အား များပြားလှသော ကျန်းမာရေးဝန်ဆောင်မှုများသည် ကမ္ဘာ COVID-19ဖြစ်ပေါ်နေချိန်၌ စောင့်ရှောက်မှုအတွက် ပိုမိုများပြားပြီး လိုအပ်မှုများစွာရှိလာသည်။

**အခကြေးငွေ မရရှိသော ပြုစုစောင့်ရှောက်ရေးအလုပ်သည် COVID-19၏ အဓိကအရေးကြီးသော တုံ့ပြန်ဆောင်ရွက်ချက်ဖြစ်သည်။** အခကြေးငွေ မရရှိသော ပြုစုစောင့်ရှောက်ရေး အလုပ်များတွင် **ကျား/မ** ရေးရာ ခွဲဝေမှုများ **တွင်** လွန်စွာမညီမျှမှုများရှိသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ**မဖြစ်ပွားမီက**တည်းကပင် အခကြေးငွေ မရရှိသော ပြုစုစောင့်ရှောက်မှုများနှင့် အိမ်မှုကိစ္စများအား အမျိုးသမီးများသည် အမျိုးသားများထက် သုံးဆလုပ်ကိုင်ကြရသည်။ ဤကဲ့သို့ မမြင်ရသော စီး**ပွား**ရေးသည် တရားဝင်စီး**ပွား**ရေးနှင့် အမျိုးသမီးများဘဝသို့ အစစ်အမှန် အကျိုးသက်ရောက်မှုများရှိနေသည်။ . လက်တင်အမေရိကရှိ အခကြေးငွေ မရရှိသော ပြုစုစောင့်ရှောက်မှုများ၏ တန်ဖိုးသည် GDP၏ ၁၅.၂ ရာခိုင်နှုန်း (အီကွေဒေါ) နှင့် ၂၅.၃ ရာခိုင်နှုန်း (ကော်စတာရီကာ) အကြားရှိသည်။ [၁၃]

ကမ္ဘာ့ကပ် ရောဂါဖြစ်ပွားနေသော အခြေအနေ၌ ယခင်ကတည်းကပင် ကျား/မအချိုးအစားမညီသော ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အလုပ်များအတွက် လိုအပ်ချက် ပိုမိုများပြားလာခဲ့သည်။ ထင်သာမြင်သာနည်းသော ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စီးပွားရေးအလုပ်များ သည် ဖိအားများ

တိုးမြင့်လာခဲ့သော်လည်း စီးပွားရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များတွင်မူ ထည့်သွင်းစဉ်းစားပေးခြင်း မရှိကြချေ။

**ကျန်းမာရေး စောင့်ရှောက်မှု။** ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစင်တာများအနေဖြင့် COVID-19 ကူးစက်မှုများ၏ ဒဏ်ကို ကြံ့ကြံ့ခိုင်နိုင်ရန် ရုန်းကန်နေကြရသောကြောင့် ကျန်းမာစောင့်ရှောက်မှုတာဝန်သည် မိသားစုများနှင့် ရပ်ရွာအဖွဲ့အစည်းများအပေါ်သို့ တစ်နေ့ထက်တစ်နေ့ တိုးမြင့်ကျရောက်လာခဲ့သည်။ COVID-19 ခံစားခဲ့ရသော လူနာများအား အခြားလူနာများအတွက် နေရာရရှိနိုင်စေရန် ဆေးရုံစောဆင်းစေသော်လည်း အိမ်တွင် ပြုစုစောင့်ရှောက်မှုများ နှင့် ကူညီမှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်ပါလိမ့်မည်။ COVID-19 နှင့် မသက်ဆိုင်သော ကျန်းမာရေးနှင့် လူမှုရေး ဝန်ဆောင်မှုများအား လျှော့ချထားသည့်အတွက် မိသားစုဝင်များတွင် နာတာရှည်ရောဂါများအပါအဝင် အခြားရောဂါများဖြစ်ပွားပါက မိသားစုဝင်များသာ အဓိကပြုစုစောင့်ရှောက်ရမည်ဖြစ်သည်။ အမျိုးသမီးများသည် မိသားစု၏ အခကြေးငွေ မရရှိသော စောင့်ရှောက်သူများအဖြစ် ပုံမှန်အားဖြင့် သတ်မှတ်ခြင်း ခံရသည့်အပြင် အခကြေးငွေ မရရှိသော သို့မဟုတ် အခကြေးငွေနည်းပါးစွာရရှိသော ရပ်ရွာကျန်းမာရေးဝန်ထမ်းအများစုမှာလည်း အမျိုးသမီးများဖြစ်သောကြောင့် COVID-19 တုံ့ပြန်ဆောင်ရွက်မှုများတွင် အမျိုးသမီးများအနေဖြင့် ရှေ့တန်းတွင် ပါဝင်နေသည်။

**ကျောင်းများပိတ်လိုက်ခြင်းကြောင့် အမျိုးသမီးများနှင့် မိန်းကလေး**ငယ် များ **အပေါ်ပိုမိုပြီး ဖိအားပေးမှု** များ ဖြစ်စေပါသည်။


ယူနက်စကိုအဖွဲ့အစည်း UNESCOအရ ကျောင်းသားဦးရေ ၁.၅၂ ဘီလီယံ(၈၇ ရာခိုင်နှုန်း) နှင့် ဆရာမဦးရေ သန်း ၆၀ သည် COVID -၁၉ ကြောင့် ကျောင်းများဆက်လက်ပိတ်ထားသောကြောင့် အိမ်တွင်နေထိုင်ရသည်။

တရားဝင်နှင့် အလွတ်သဘော ကလေးပြုစုစောင့်ရှောက်ခြင်းဝန်ဆောင်မှုများ လျော့နည်းလာသောကြောင့် အခကြေးငွေ မရရှိသော ကလေးပြုစုစောင့်ရှောက်မှုတာဝန်များသည် အမျိုးသမီးများအပေါ် များပြားစွာ ကျရောက်လာသည်။ ထိုသို့ဖြစ်ရခြင်းမှာ တည်ရှိဆဲ လုပ်သားအင်အား ပုံစံစနစ်ကြောင့်သာမက လူမှုရေးရာ စံနှုန်းများကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ အလုပ်လုပ်နိုင်စွမ်းရည်အား လျော့ကျလာပြီး အထူးသဖြင့် အဝေးမှအလုပ်လုပ်နိုင်စွမ်းအားကိုလည်း လျော့ကျစေသည်။

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုများ မရှိခြင်းကြောင့် မဖြစ်မနေပြုစုစောင့်ရှောက်ရန် တာဝန်ရှိသူများအတွက် အခက်အခဲများနှင့်

ကြုံတွေ့စေသည်။ အမေရိကန်ပြည်ထောင်စုမှ အချက်အလက်များအရ အမျိုးသမီးများသည် ဆေးရုံအလုပ်များ၏ ၇၈ ရာခိုင်နှုန်း၊ ဆေးဝါးကျွမ်းကျင်ဆိုင်ရာ အလုပ်များ၏ ၇၀ ရာခိုင်နှုန်း နှင့် စားသောက်ကုန်ရောင်းချသောဆိုင်ဝန်ထမ်းများ၏ ၅၁ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားသည်။ [၁၄]

၁၃။ ECLAC (၂၀၁၉) လက်တင်အမေရိကနှင့် ကာရေဗီယံတွင် လက်ရှိအသုံးပြုနေသော အချက်အလက်ရေးရာ; ရင်းမြစ် available at https://oig.cepal.org/sites/default/ files/2019-10_repositorio_uso_del_tiempo_eng.pdf




**COVID-19နှင့် ရင်ဆိုင်နေရချိန်တွင် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရခြင်းသည်လည်း အရေးကြီးသော လိုအပ်မှုဖြစ်သည်။** နိုင်ငံအများစု၌ အမျိုးသမီးများသည် ပိုမိုအသက်ရှည်သောကြောင့် သက်ကြီးရွယ်အိုများ၏အများစုမှာ အမျိုးသမီးများဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိ အသက် ၇၀ ရှိသူဦးရေ၏ ၅၇ ရာခိုင်နှုန်း နှင့် အသက် ၈၀နှင့် အထက် ရှိသူဦးရေ၏ ၆၂ ရာခိုင်နှုန်း သည် အမျိုးသမီးများ ဖြစ်ကြသည်။[၁၅] သက်ကြီးရွယ်အို အမျိုးသမီးများအနေဖြင့် ပိုမို နည်းပါးသော ဝင်ငွေနှင့် နည်းပါးသော ပင်စင်လစာငွေရရှိနိုင်ချေရှိပြီး သူတို့ကိုယ်တိုင်ပြုစုစောင့်ရှောက်နိုင်ရန်လည်း ဖြစ်နိုင်ချေ နည်းပါးကြသည်။ အသက်အရွယ်မျိုးစုံမှ အမျိုးသမီးများသည် အခကြေးငွေမရရှိဘဲ ကျား သို့မဟုတ် မ သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရပြီး ထိုပြုစုစောင့်ရှောက်မှုများအား ၎င်းတို့၏ ကျန်းမာသန်စွမ်း သည့်အချိန်အထိ လုပ်ဆောင်ပေးရသည်။ ထို့အပြင် အခြားလူများ အတွက် ကူးစက်မှုအခြေအနေလျှော့ချနိုင်စွမ်းရှိချိန် အထိ ဆက်လက်လုပ်ဆောင်သွားရသည်။

**COVID-19 ကြောင့် ဖြစ်ပေါ်လာသော ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များသည် မိန်းကလေးများနှင့် ပျိုဖော်ဝင်စ မိန်းကလေး**ငယ်**များအပေါ်တွင်လည်း သက်ရောက်သည်။**

လတ်တလော သုတေသနပြုလုပ်ထားသည့် အချက်အလက်များအရ ပျိုဖော်ဝင်စမိန်းကလေးများနှင့် အရွယ်တူ ယောကျာ်းလေးများ၏ အိမ်မှုကိစ္စပြုလုပ်ပေးသောအချိန်ကို နှိုင်းယှဉ်ပါက မိန်းကလေးငယ်များမှာ သိသာ ထင်ရှားစွာ မြင့်မားနေသည်ကို တွေ့ရှိရသည်။[၁၆] ကျောင်းများ ပိတ်ထားခြင်းသည် မိန်းကလေးငယ်များအတွက် အိမ်မှုကိစ္စ လုပ်ကိုင်ပေးရချိန် ပိုမိုမြင့်တက်သွားသည်သာမက သန်းပေါင်းများစွာသော မိန်းကလေးငယ်များ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော မိန်းကလေးငယ်များ၊ မသန်စွမ်းသော မိန်းကလေးငယ်များ သို့မဟုတ် ကျေးလက်ဒေသနှင့် သီးခြားထားရှိသော နေရာများရှိ မိန်းကလေးငယ်များအဖို့ ပညာရေးဆုံးခန်းမတိုင်မီ ကျောင်းထွက်ရခြင်းများ ဖြစ်ပေါ် နိုင်သည်။

ကမ္ဘာ့ကပ်ရောဂါ မတိုင်မီအချိန်တွင်ပင်လျှင် သန်းပေါင်းများစွာသော မိန်းကလေးငယ်များသည် အရည်အသွေးနိမ့်ပါးသော ပညာရေးများသာ သင်ကြားကြရပြီး ရေးဖတ်ခြင်း၊ တွက်ချက်ခြင်းစသည့် အခြေခံ တတ်မြောက်ကျွမ်းကျင်မှုများကို သင်ကြားပေးနိုင်သော ကျောင်းသင်တန်းများ၊ အလယ်တန်းအဆင့် စွမ်းရည် နှင့် ၎င်းတို့၏ ဘဝအတွက် အကျိုးရှိပြီး ရည်မှန်းချက်များပြည့်ဝရန် ကူညီပေးနိုင်သည့် ဗဟုသုတနှင့် အခွင့်အလမ်းများအားလည်း သင်ကြားတက်ရောက်ခွင့်မရကြချေ။ ယခင်ဖြစ်ပွါးခဲ့သော ကပ်ရောဂါများမှ အချက်အလက်များအရ ပျိုဖော်ဝင်စမိန်းကလေးငယ် များသည် ကျောင်းထွက်ရနိုင်ချေ ပိုမိုများပြားပြီး ကပ်ဘေးပြီးဆုံးသွားသည့် အချိန်တိုင် ကျောင်းပြန်မတက်ရောက်နိုင်ခြင်းများရှိကြောင်း ဖော်ပြထားသည်။

## ကျား/မ အားလုံးပါဝင်နိုင်သည့် စီးပွားရေး တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးများ လုပ်ငန်းကို  တည် ဆောက်နိုင်ရန် မည် သည် စီမံမှုများ လိုအပ်သနည်း။

အမျိုးသမီးများ၏ အခကြေးငွေမရရှိသည့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အလုပ်များသည် တန်းတူညီမျှမှုမရှိခြင်း၏ ပြယုဂ်တစ်ခုအဖြစ် သိရှိနားလည်ထားသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုဖြစ်ရပ်သည် ဝင်ငွေလစာ မညီမျှခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ ပညာအရည်အချင်း နိမ့်ပါးခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဖိအားများတို့နှင့်လည်း တိုက်ရိုက်ဆက်နွယ်မှုရှိသည်။ ဤကဏ္ဍအတွင်းရှိ အခကြေးငွေမရရှိသည့်အပြင် မမြင်သာသော အလုပ်သမား များသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ဆထက်တိုး၍ ပိုမိုဆိုးရွားလာသည်။ သို့သော် ဤကမ္ဘာ့ကပ်ရောဂါကြီးမှ အဆိုပါ မိသားစုများ၊ လူမှုအဖွဲ့အစည်းများနှင့် တရားဝင်စီးပွားရေးများ၏ နေ့စဉ်လည်ပတ်မှုသည် မည်သူမျှမမြင်သည့် အလုပ်များအပေါ် မှီခိုအားထားနေရကြောင်းကို မျက်ဝါးထင်ထင် ပြသကဲ့သို့ဖြစ်နေသည်။ ကျွန်ုပ်တို့အနေဖြင့် ပူးပေါင်းပါဝင်မှုနှင့် ခံနိုင်ရည်ပိုမိုမြင့်မားသည့် စီးပွားရေးပုံစံများအား ပြန်လည်တည်ဆောက်ရာတွင် အခကြေးငွေ မရရှိသည့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အလုပ်အကိုင်များအား သိရှိလက်ခံ၍ လျှော့ချပြောင်းလဲပြင်ဆင်နိုင်ရန် အခွင့်အရေးရရှိနိုင်သည်။

အမျိုးသမီးများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်သည့် COVID-19 အား တုန့်ပြန်ဆောင်ရွက်မှုတွင် ပါဝင်ကြမည်ဖြစ်သော်လည်း ၎င်းတို့မှနေ၍ အခကြေးငွေမရရှိသည့် အလုပ်များအား အမြဲတမ်းဆောင်ရွက်ပေးနိုင်မည် မဟုတ်ချေ။[၃၇] လုံလောက်သည့် ထောက်ပံ့မှုများ မရရှိဘဲ လူမှုကာကွယ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများရှိ ကွာဟချက်များကို ဖြည့်ဆည်းရန်အတွက် အမျိုးသမီးများ၏ လုပ်အားကို ရသမျှဆွဲဆန့်၍ အသုံးပြုနေမည်ဆိုပါက ရေရှည်တွင် ကုန်ကျမှုများစွာကျသင့်မည်ဖြစ်သည်။ ထို့ကြောင့် ကြည့်ရှုစောင့်ရှောက်မှုလိုအပ်သူများအတွက် အာမခံပေးရန်နှင့် အခကြေးငွေ မရရှိသည့် မိသားစုများနှင့် လူထုအတွက် စောင့်ရှောက်မှု ပြုလုပ်နေသူများအား ယခုကပ်ဘေးအချိန်တွင် မရှိမဖြစ် လုပ်သားများအဖြစ် အသိအမှတ်ပြုရန်စသည်တို့ကို လက်ငင်းဆောင်ရွက်သင့်သည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ရရှိခဲ့သည့် ကျား/မ တန်းတူညီမျှခြင်းဆိုင်ရာ တိုးတက်မှုများအား COVID-19ကြောင့် ပြန်လည်ဆုတ်ယုတ်သွားခြင်း မရှိစေရေးအတွက် အထူးသဖြင့် အလုပ်သမားထုအတွင်း အမျိုးသမီးများပါဝင်နိုင်စေရန်စသည်တို့ကို လက်ငင်းဆောင်ရွက်ရမည်။ ယခုအချိန်ရှိ ရင်းနှီးမြှုပ်နှံမှုအပေါ် ဆုံးဖြတ်ချက်များကြောင့် နောင်တွင်အကျိုးသက်ရောက်မှုများ သေချာပေါက်ဖြစ်ပေါ်လာလိမ့်မည်။ သာဓကအားဖြင့် ၂၀၀၈ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကြပ်အတည်းဖြစ်ပြီး နောက်ဆက်တွဲကာလတွင် အမျိုးသားများ အဓိကခန့်အပ်ထားသော ကြီးမားသည့် ဆောက်လုပ်ရေး စီမံကိန်းများတွင် ထောက်ပံ့ရေး ဆောင်ရွက်မှုများ ပေးဆောင်ခဲ့သော်လည်း အမျိုးသမီးများ အထူးပါဝင်လုပ်ကိုင်နေသည် ကဏ္ဍများဖြစ်သည့် သင်ကြားရေး၊ သူနာပြုရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်များ လျှော့ချခဲ့သည်။

COVID-19 နှင့် စပ်လျဉ်းသည့် ကူညီထောက်ပံ့ခြင်းဆိုင်ရာ ဆောင်ရွက်မှုများတွင် တရားဝင်လုပ်ကိုင်နေသော အလုပ်သမားများအပြင် အမျိုးသမီးအများဆုံး ပါဝင်သည့် အလွတ်တန်းအလုပ်သမားများ၊ အချိန်ပိုင်းအလုပ်သမားများနှင့် ရာသီပေါ် အလုပ်သမားများပါ ထည့်သွင်းရန် လိုအပ်သည်။ ဤသို့ လုပ်ဆောင်ခြင်းသည် အထူးသဖြင့် အမျိုးသမီးများ အဓိကလုပ်ကိုင်နေသည့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်နှင့် ခရီးသွားလုပ်ငန်းများတွင် လိုအပ်နေပြီး ယခုအခါတွင်မူ အစိုးရအဖွဲ့များ၏ အသွားအလာကန့်သတ် လုပ်ဆောင်ချက်များကြောင့် ထိုလုပ်ငန်းများသည် ရပ်တန့်နေကြသည်။ အချို့နိုင်ငံများသည် အဆိုပါ ဦးတည်ချက်အတိုင်း လုပ်ဆောင်နေကြပြီးဖြစ်သည်။ ဥပမာအနေဖြင့် အီတလီနိုင်ငံတွင် အလွတ်တန်းအလုပ်သမားများနှင့် ယာယီအလုပ်သမားများ ၎င်းတို့၏ စာချုပ်သက်တမ်းများ ပြည့်သွားသည့်အချိန်တွင် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးသွားရန် ထည့်သွင်းစဉ်းစားနေပြီဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေး

လုပ်ဆောင်မှုများသည် အကြီးစားနှင့် အလတ်စား လုပ်ငန်းများကိုသာ မထောက်ပံ့သင့်ဘဲ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်အများအပြား ကိုယ်စားပြုနေသည့် အငယ်စား၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက်ပါ ထောက်ပံ့သင့်သည်။ ထို့အပြင် ပုဂ္ဂလိကကဏ္ဍများ၏ ငွေကြေးထောက်ပံ့မှုနှင့် ချေးငွေရရှိနိုင်မှုတို့သည် အမျိုးသားများနှင့် အမျိုးသမီးများအတွက် ညီမျှစွာရရှိသင့်သည်။

လက်ရှိဖြစ်ပွားနေသည့် ကပ်ဘေးကျော်လွန်ပြီးသည့်အခါတွင် လူမှုရေး စံသတ်မှတ်ချက်များ၌ တန်းတူညီမျှခြင်းများ ပိုမိုဖြစ်ထွန်းနိုင်စေသော လက်ကျန်အကျိုးသက်ရောက်မှုများ ကျန်ရှိနေနိုင်သေးသည်။ ကမ္ဘာတစ်ဝှမ်းရှိ ကုမ္ပဏီအများအပြားမှ ညှိနှိုင်း၍ရသော အလုပ်ပုံစံများသို့ ပြောင်းလဲလာသည့်အလျောက် ဤကဲ့သို့ အလုပ်တာဝန်များနှင့် ပြုစုစောင့်ရှောက်မှုတာဝန်များအကြား ပိုမိုဟန်ချက်ညီသော ပုံစံအဖြစ် ဖြစ်ထွန်းနိုင်ကြောင်း ထင်ရှားစွာ ပြသနေသည်။ ထို့အတူပင် အမျိုးသမီးများ နေအိမ်ပြင်ပတွင် မရှိမဖြစ်ဝန်ဆောင်မှုလုပ်သားများအနေဖြင့် ဆက်လက်လုပ်ကိုင်နေခြင်း သို့မဟုတ် ယခုအချိန်ကာလအတွင်း မိဘနှစ်ဦးလုံး အိမ်တွင်နေထိုင်ကာ အလုပ်နှင့် ကလေးပြုစုစောင့်ရှောက်ရေးဖြင့် လုံးပန်းနေရသော မိသားစုများ၌ ဖခင်မှ အဓိက သို့မဟုတ် မျှဝေစောင့်ရှောက်မှု တာဝန်ယူရမည်ဟု ယူဆလာပါက ကပ်ဘေးပြီးမြောက်ချိန်တွင် ကျား/မ အလုပ်ခွဲဝေမှုဆိုင်ရာ အမြစ်တွယ်နေသော သတ်မှတ်ချက်များအပေါ် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။[၁၈] ထိုကဲ့သို့ ပြောင်းလဲမှုများအား ရည်ရွယ်ချက်ရှိရှိဖြင့် တည်ဆောက်ကာ ခိုင်မာလာအောင် ပြုလုပ်ထားရန် လိုအပ်သည်။

---

၁၄။ အမေရိကန်နိုင်ငံ အလုပ်သမားစာရင်းအင်းဌာန အချက်အလက်များ၊ လက်ရှိ အလုပ်အကိုင်စာရင်းအင်းများ - CES (National), အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု Table B-5b, available at: https:// www.bls.gov/web/empsit/ceseeb5b.htm (February 2020).

၁၅။ ကုလသမဂ္ဂ ၊ စီးပွါးရေးနှင့် လူမှုရေးရာဌာန၊ လူဦးရေး ဌာနခွဲ (၂၀၁၉)  ကမ္ဘာ့လူဦးရေ အလားအလာခန့်မှန်းခြင်း ၂၀၁၉, Online Edition: https://population.un.org/wpp/

၁၆။ UNICEF, Plan International၊ ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့အစည်း  (2020).  မိန်းကလေးများအတွက် ခေတ်သစ် ။ ၂၅နှစ်အတွင်း တိုးတက်မှုများ https://www.unicef.org/
media/65586/file/A-new-era-for-girls-2020.pdf

၁၇။Elson

**အမျိုးသားအဆင့် ဆောင်ရွက်ချက်များတွင်**
**အောက်ပါအချက်များ ပါဝင်သင့်သည်ဟု အကြံပြုထားသည်**

- သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနှင့် COVID-19ရောဂါ ပြန်လည်သက်သာလာသူများအတွက် ပြုစုစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်ခြင်းများ သေချာစေခြင်း
- အခကြေးငွေမရရှိသည့် မိသားစုတွင်း ပြုစုစောင့်ရှောက်သူများအား lockdown ကန့်သတ်ချက်များမှ ကင်းလွတ်စေခြင်းနှင့် ၎င်းတို့၏ အလုပ်များ ဘေးကင်းစွာလုပ်ကိုင်နိုင်စေရန် လိုအပ်သော ကူညီမှုများနှင့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း
- ကမ္ဘာ့ကပ်ရောဂါCOVID-19 အား ထိရောက်စွာ တုန့်ပြန်နိုင်ရေးအတွက် အခကြေးငွေမရရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ကျေးရွာကျန်းမာရေး လုပ်သားများအား သတင်းအချက်အလက်များ၊ လေ့ကျင့်သင်ကြားမှုများ၊ လုံလောက်သော ပစ္စည်းကိရိယာများနှင့် အသက်မွေးဝမ်းကြောင်း ထောက်ပံ့မှုများ ပြင်ဆင်ပေးခြင်း
- အခကြေးငွေမရရှိသည့် ပြုစုစောင့်ရှောက်မှုများကြောင့် ဖြစ်ပေါ်သည့် အလုပ်တာဝန်ပိမှုများကို လျှော့ချရန်အတွက် အလုံးစုံပါဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေးများ တိုးမြှင့်ပေးဆောင်နိုင်ရန် အောက်ပါအချက်အလက်များကို ဆောင်ရွက်ပေးသင့်သည်။
- လစာရသော မိသားစုခွင့်နှင့် လစာရသော နာမကျန်းခွင့်များ ရရှိနိုင်မှုအား တိုးမြှင့်ခြင်း
- ပြုစုစောင့်ရှောက်ရေးရာ အလုပ်သမားများအတွက် အလုပ်အချိန်များအား လစာမထိခိုက်စေဘဲ လျှော့ချခြင်း/ အလုပ်မျှဝေခြင်းများအား စတင်ကျင့်သုံးခြင်း
- အမျိုးသမီးများအပေါ်တွင်  အချိုးအစားမမျှတစွာ ပစ်မှတ်ထားသည့် ငွေကြေးလွှဲပြောင်းမှုနှင့် လူမှုရေးပင်စင် အစရှိသည့်  လူမှုရေး အကူအညီပေးရေး အစီအစဉ်များ၏ လက်လှမ်းမီမှုနှင့် အကျိုးခံစားခွင့် အဆင့်များ တိုးမြှင့်ခြင်းနှင့် COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း အခြေအနေအားလုံးအား ဆိုင်းငံ့ခြင်း
- ပြုစုစောင့်ရှောက်ရေးရာတာဝန်ရှိသူ အမျိုးသမီးများ အတွက်လည်း ငွေလွှဲမှုပုံစံ အသစ်များ စတင်ကျင့်သုံးခြင်း
- နည်းပညာဖြင့်ဆက်သွယ်၍ မရနိုင်သော အလုပ်သမားများသာမက အလွတ်တန်း အလုပ်သမားများအတွက်လည်း ကလေးပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုများ ငှားရမ်းနိုင်စေရန် အပိုဆုကြေးများ၊ ထောက်ပံ့ကြေးများနှင့် ဘောက်ချာများ ပံ့ပိုးပေးခြင်း
- ကျေးလက်ဒေသများ၊ ကျူးကျော်ရပ်ကွက်များ၊ နေရပ်စွန့်ခွာစခန်းများနှင့် ဒုက္ခသည်စခန်းများရှိ အခြေခံ အဆောက်အအုံများနှင့် ပြည်သူ့ဝန်ဆောင်မှုများအပေါ် ရင်းနှီးမြှုပ်နှံခြင်းနှင့် ရရှိသုံးစွဲ နိုင်မှုများကို ဦးစားပေးရန် အောက်ပါအချက်အလက်များအား ဖော်ဆောင်သင့်သည် -
- စာသင်ကျောင်းများ၊

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဂေဟာများနှင့် နေ့ကလေးထိန်းကျောင်းများ ပိတ်ထားသည့်အချိန်တွင် အလုပ်လုပ်ကိုင်နေသော မိဘများ၊ အထူးသဖြင့် မရှိမဖြစ်အရေးပါသော အလုပ်သမားများ အတွက် ထိုဝန်ဆောင်မှုများ ဘေးကင်းစွာရရှိနိုင်စေရန် အတွက် ကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့မှုများ တိုးမြှင့်ပေးခြင်း။

> ကျောင်းမှ အစားအသောက်ကျွေးမွေးသော အစီအစဉ်များလည်း ဆက်လက် ဆောင်ရွက်ရန်နှင့် ကပ်ဘေး ကာလ အခြေအနေပေါ်လိုက်၍ အစား အသောက်များအား အိမ်အရောက်ပို့ ဆောင်ပေးခြင်း သို့မဟုတ် လာရောက်ယူစေခြင်း ပြုလုပ်ပေးခြင်း

> ကျေးလက်ဒေသများ၊ ကျူးကျော်ရပ်ကွက်များ၊ နှင့် တိုက်ပွဲရှောင် စခန်းများရှိ အမျိုးသမီးများ အပါအဝင် ထိခိုက်အားနည်းလွယ်သော အမျိုးသမီးများအတွက် ရေရရှိရေး၊ သန့်ရှင်းရေး နှင့် တကိုယ်ရည် သန့်ရှင်းရေး ဝန်ဆောင်မှုများအား အဖိုးအခ သင့်လျော်ပြီး လုံလောက်စွာ ရရှိရန် ဆောင်ရွက်ပေးခြင်း

> အခြေခံအဆောက်အအုံများနှင့် ပြည်သူ့ ဝန်ဆောင်မှု လုပ်ငန်းများ အတွက် ပစ္စည်းများနှင့် ဝန်ဆောင်မှု များအား အမျိုးသမီးပိုင် လုပ်ငန်းများ မှ ဝယ်ယူရန်

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် မည်သို့ကူညီပံ့ပိုးနိုင်မည်နည်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အခကြေးငွေ မရရှိသည့် ပြုစု စောင့်ရှောက်ရေးဆိုင်ရာ အလုပ်အကိုင်များအား ဖြေရှင်းမည့်နည်းဗျူဟာမှာ ထိုအလုပ်များအား မြင်သာလာစေရန် တိုးမြှင့် ဆောင်ရွက် ခြင်းပင်ဖြစ်သည်။ ထိုနည်းဗျူဟာတွင် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ တာဝန်များအား လျှော့ချရန်၊ အမျိုးသမီးများနှင့် အမျိုးသားများအကြား၊ မိသားစုနှင့် ပြည်သူ့/ ဈေးကွက်ဝန်ဆောင်မှုများအကြား ပိုမိုကောင်းမွန်စွာ ခွဲဝေနိုင်စေရန် ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ကပ်ဘေးကြောင့် ပိုမိုများပြားလာသော အမျိုးသမီးများ၏ ထုတ်လုပ်မှု၊ အခကြေးငွေ မရရှိသည့် ပြုစုစောင့်ရှောက်မှုများနှင့် အိမ်မှုကိစ္စများအား ပံ့ပိုးကူညီပေးနိုင်ရန် လုံလောက်သော ရေရရှိစေရေး၊ သန့်ရှင်းရေး၊ တကိုယ်ရည် သန့်ရှင်းရေး ဝန်ဆောင်မှုများနှင့် ကျေးလက်ဒေသများနှင့် ဝေးလံသော ဒေသများတွင်ပါ လျှပ်စစ်မီးရရှိစေရန် ထောက်ခံအားပေးသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်သူ့အသုံးစရိတ်များအားလည်း လူမှု့ ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများသို့ ပိုမိုဦးစားပေး ထောက်ပံ့သင့်ကြောင်းကိုလည်း အကြံပြုသွားမည်ဖြစ်သည်။

၁၈။ Alon, T.; Doepke, M.; Jane Olmstead-Rumsey, Y.; and Tertilt, M., ၂၀၂၀ .” COVID-19 ၏ ကျားမတန်းတူညီမျှမှုအပေါ် အကျိုးသက်ရောက်မှု ”: http://faculty.wcas.northwestern.edu/~mdo738/research/COVID19_Gender_March_2020.pdf

# ၄။ကျား/မအခြေပြုအကြမ်းဖက်မှုများ

**ဧပြီလ ၅ ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးမှနေ၍ ဤကမ္ဘာ့ကပ်ရောဂါကြီးအားရပ်တန့်နိုင်ရန်အတွက် အရင်းအမြစ်များ စိုက်ထုတ်ကာ အလေးပေး ဆောင်ရွက်ရမည်ဖြစ်သောကြောင့် တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲရေးနှင့် နေရာဒေသတိုင်းရှိ အကြမ်းဖက်မှုများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။** သို့သော် အကြမ်းဖက်မှုသည် စစ်မြေပြင်တွင်သာမကပဲ နေအိမ်များတွင်ပါ ဖြစ်ပွားသည်။ ကမ္ဘာ့ကပ်ရောဂါ COVID-19ကြောင့်ဖြစ်ပေါ်သော စီးပွားရေးနှင့် လူမှုရေးဖိအားများ၊ လူမှုထိတွေ့ဆက်ဆံရေးဆိုင်ရာ ကန့်သတ်မှုများနှင့် သွားလာကန့်သတ်ရေးလုပ်ဆောင်မှုများ ပေါင်းဆုံသွားသောအခါ အမျိုးသမီးများနှင့်မိန်းကလေးများအပေါ် အကြမ်းဖက်မှုများသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မြင့်တက်လာစေသည်။ လူဦးရေများသော အိမ်ထောင်စုများ၊ ပစ္စည်းဥစ္စာအလွဲသုံးစားမှုများ၊ ကန့်သတ်မှုရှိသော ဝန်ဆောင်မှုများနှင့် အချင်းချင်းထံမှ ထောက်ပံ့မှု လျော့ကျခြင်းများသည် အဆိုပါ အခြေအနေ များကို ပိုမိုဆိုးရွားလာစေသည်။ ကမ္ဘာ့ကပ်ရောဂါကြီး မတိုင်မီတွင် ခန့်မှန်းထားမှုအရ အမျိုးသမီး (၃)ဦးတွင် (၁)ဦးသည် ၎င်းတို့၏ တစ်သက်တာအတွင် အကြမ်းဖက်မှုကို ကြုံတွေ့ရလိမ့်မည်။ အဆိုပါ အမျိုးသမီးအများအပြားသည် ယခုအခါတွင်မူ ၎င်းတို့အပေါ် အကြမ်းဖက်သူများနှင့် အိမ်တစ်အိမ်ထဲတွင် ပိတ်မိနေပြီဖြစ်သည်။

ယခုအချိန်တွင် ပြီးပြည့်စုံသော အချက်အလက်များရရှိရန် စောလင့်သေးသော်လည်း ကမ္ဘာတစ်ဝှမ်းတွင် အလွန်ပင် စိုးရိမ်ဖွယ်ရာကောင်းသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ တိုးမြင့်လာသည့် အစီရင်ခံစာများ ပေါ်ထွက်လာနေပြီးဖြစ်သည်။ အစီရင်ခံတင်သွင်းသည့်စနစ်များ ရှိသော နိုင်ငံများတွင် အကြမ်းဖက်မှုများ ၂၅% ကျော် ပိုမိုများပြားလာသည်။ အချို့နိုင်ငံများတွင် အကြမ်းဖက်မှုများသည် နှစ်ဆခန့် မြင့်တက်လာသည်။

အထက်ပါကိန်းဂဏန်းများသည် အဆိုးရွားဆုံး အကြမ်းဖက်မှုများကိုသာ ဖော်ပြနေခြင်းလည်း ဖြစ်နိုင်ဖွယ်ရှိသည်။ အမျိုးသမီးအများအပြားသည် ကိုယ်ပိုင်သီးသန့် နေရာမရရှိနိုင်သောကြောင့် ဖုန်းခေါ်ဆို၍ဖြစ်စေ အွန်လိုင်းပေါ်တွင်ဖြစ်စေ အကူအညီတောင်းခံရန် ကြိုးပမ်းအားထုတ်ရလိမ့်မည်။[၁၉]

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ မြင့်တက်လာသည်နှင့်အတူ COVID-19 ကူးစက်ခံရနိုင်သည်ကို အသုံးပြု၍ ခြိမ်းခြောက်မှုပုံစံအသစ်တစ်မျိုးပါ ပေါ်ထွက်လာခဲ့သည်။ အကြမ်းဖက်သူများသည် အမျိုးသမီးများ၏ အကူအညီတောင်းခံနိုင်မှု သို့မဟုတ် ထွက်ပြေးနိုင်မှု မပြုနိုင်ခြင်းကို အခွင့်ကောင်းယူနေကြပြီး အမျိုးသမီးများမှာ အိမ်မှမောင်းထုတ်ခံရပြီး သွားစရာနေရာမရှိ ဖြစ်သွားနိုင်မှု အန္တရာယ်များ ရှိနေသည်။ ထိုတစ်ချိန်တည်းမှာပင် အကူအညီပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှာလည်း ကြိုးပမ်းရုန်းကန်နေကြရသည်။ အမျိုးသမီးများအတွက် ရှေ့တန်းမှ တုန့်ပြန်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့် တရားရေး၊ ရဲတပ်ဖွဲ့နှင့် ကျန်းမာရေး ဝန်ဆောင်မှုများသည် အလွန်အလုပ်များပြားနေခြင်း၊

ဦးစားပေးမှုများ ပြောင်းလဲထားရခြင်း သို့မဟုတ် အခြားအခြားသော အကြောင်းအရာများကြောင့် ကူညီမှု မပေးနိုင်ခြင်းများ ဖြစ်ပေါ်နေသည်။ ရပ်ရွာလူထု အဖွဲ့အစည်းများသည်လည်း အသွားအလာကန့်သတ်မှုများ သို့မဟုတ် အရင်းအမြစ်များ ရွှေ့ပြောင်းမှုများ၏ အကျိုးသက်ရောက်မှုများကို ခံစားနေရသည်။ အချို့သော အိမ်တွင်းအကြမ်းဖက်မှု ခိုလှုံရာနေရာများသည် ပြည့်နေပြီဖြစ်ပြီး အချို့မှာ ပိတ်ထားရခြင်း သို့မဟုတ် ကျန်းမာရေးစင်တာများအဖြစ်သို့ ပြောင်းလဲထားရသည်။

**အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များတွင် အမျိုးသမီးများအပေါ် ဦးစားပေးထောက်ပံ့ရန်အရေးကြီးသည်။ ထိုသို့ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိကြောင်း သက်သေပြပြီးဖြစ်သည့် ဆောင်ရွက်ချက်များဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည်။ ၎င်းတို့မှာ**

- COVID-19ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက် အစီအစဉ်များတွင် ၄ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအတွက် တားဆီးကာကွယ်ရေး ကြိုးပမ်းမှုများနှင့် ဝန်ဆောင်မှုများ ပေါင်းစပ်ထည့်သွင်းရန်
- အိမ်တွင်းအကြမ်းဖက်မှု ခိုလှုံရာနေရာများအား မရှိမဖြစ် ဝန်ဆောင်မှုများအဖြစ် သတ်မှတ်ကာ ထိုနေရာများဖန်တီးနိုင်ရန်နှင့် ရှေ့တန်းမှ တုန့်ပြန်ဆောင်ရွက်နေသော ရပ်ရွာလူထု အဖွဲ့အစည်းများအတွက် အရင်းအမြစ်များ တိုးမြှင့်ပေးရန်
- အကြမ်းဖက်မှု ခံစားနေရသူများအတွက် ခိုလှုံရာနေရာများ၏ နေရာများ တိုးမြှင့်ရရှိနိုင်အတွက် လူတိုင်းဝန်ဆောင်မှုရရှိနိုင်မှုကို ရှေးရှုကာ အသွားအလာကန့်သတ်မှုများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ပြင်ဆင်ထားသော ဟိုတယ်အလွတ်များ သို့မဟုတ် ပညာရေး အဆောက်အဦးများ အစရှိသည့် နေရာများအား အစားထိုးအသုံးပြုရန်

၁၉ အလားတူပင် အွန်လိုင်းအသုံးပြုချိန်များလာသောကြောင့် ဒီဂျစ်တယ်နယ်ပယ်များတွင် ကျား/မအခြေပြုအကြမ်းဖက်မှုများ မြင့်တက်လာမည်ကို စိုးရိမ်မှုများ ရှိနေသည်။

- အမျိုးသမီးများအတွက် အကြမ်းဖက်သူများ သတိမပြုမိစေဘဲ သတင်းပို့နိုင်သော နေရာများ သတ်မှတ်စီစဉ်ပေးခြင်း။ ဥပမာ- ကုန်စုံဆိုင်များ သို့မဟုတ် ဆေးဆိုင်များ
- ဝန်ဆောင်မှုများအား အွန်လိုင်းပေါ်တွင် ရရှိစေခြင်း
- ထောက်ခံအားပေးမှုနှင့် အသိအမြင်ဖွင့် အစီအစဉ်များအား အိမ်တွင်နေထိုင်သော အမျိုးသားများကိုပါ ဦးတည်၍ အဆင့်မြှင့်တင်ခြင်း

အမျိုးသားအဆင့် တုံ့ပြန်မှု ဆိုင်ရာ အစီအစဉ်များအနေဖြင့် တရားမျှ တမှုနှင့် တရားဥပဒေစိုးမိုးရေးတို့သည် သီးသန့်ထားရှိခြင်း (confinement) သို့မဟုတ် အသွားအလာကန့်သတ်ခြင်း(lockdown) ရှိသော အချိန်ကာလများအတွင်း ရပ်တန့်သွား ခြင်း မရှိကြောင်းကို ပြသသည့် လူထုထသို့ ထုတ်ပြန်ကြေငြာမှု တစ်မျိုးမျိုးကို ထည့်သွင်း ပါဝင်သွားရန်မှာ အရေးကြီးသည်။ ကျား/မအခြေ ပြု အကြမ်းဖက်မှု တားဆီးကာကွယ်ရေး နည်းဗျူဟာများအား ဤပဋိပက္ခဆိုင်ရာ တရားမျှတရေးနှင့် လုံခြုံရေးကဏ္ဍများ၏ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များအတွင်း ထည့်သွင်းရန် လိုအပ်ပြီး ပြစ်မှုများ အပေါ်အကန့်အသတ်များ၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ပြစ်မှုများ အပေါ်ပြဌာန်းထားသော ကန့်သတ်ချက်များအား ဆိုင်းငံ့သင့်သည်။

ဩစတြေးလျနိုင်ငံ New South Wales တွင် ကောက်ယူခဲ့သော စစ်တမ်းမှနေ၍ ရှေ့တန်းတွင် လုပ်ကိုင်နေသော အလုပ်သမား ၄၀ ရာခိုင်နှုန်း၏ အစီရင်ခံချက်များအရ ရှင်သန်ကျန်ရစ်သူများထံမှ အကူအညီတောင်းခံမှု ပိုမိုမြင့်တက်လာကြောင်းနှင့် ၇၀ ရာခိုင်နှုန်း၏ အစီရင်ခံချက်အရ COVID-19 ဖြစ်ပွားနေချိန်၌ လက်ခံရရှိသော ကိစ္စရပ်များ၏ ပိုမိုရှုပ်ထွေးကြောင်းကို ထုတ်ဖော်ပြသခဲ့သည်။[၂၀]

**ကနေဒါနိုင်ငံ** အစိုးရအဖွဲ့၏ COVID-19 တုန့်ပြန်ဆောင်ရွက်ရေး စီမံချက်တွင် လိင်ပိုင်းဆိုင်ရာနှင့် အခြားသော ကျား မအခြေ ပြု အကြမ်းဖက်မှု များ ကြုံတွေ့နေရသော အမျိုးသမီးများအတွက် ခိုလှုံရာစခန်းများအား ကနေဒီယံဒေါ်လာ သန်း ၅၀ ထောက်ပံ့ရန် ပါဝင်သည်။ ဩစတြေးလျနိုင်ငံတွင် အမျိုးသားအဆင့် တုန့်ပြန်ဆောင်ရွက်ရေးတွင် မိသားစုအကြမ်းဖက်မှုဆိုင်ရာ တုန့်ပြန်မှုအတွက် ဩစတြေးလျဒေါ်လာ ၁၅၀ မီလီယံ သုံးစွဲမည်ဟု ကြိုတင်လျာထားသည်။ ထို့အပြင် မက်ဆီကိုတွင် အမျိုးသားအဆင့် ခိုလှုံရာ ကွန်ယက်အား မက်ဆီကန် ပီဆို ၄၀၅ သန်း လွှဲပြောင်းပေးနိုင်သော ဥပဒေတစ်ခုအား အချေအတင်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။[၂၁] အိမ်တွင်းအကြမ်းဖက်ခံသူများ ခိုလှုံရာ စခန်းများအား အခြေခံဝန်ဆောင်မှုများအဖြစ် သတ်မှတ်ကာ အသွားအလာကန့်သတ်ချိန်တွင်လည်း ဆက်လက်ဖွင့်လှစ်ထားမည်ဖြစ်သည်။

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် မည်သို့ကူညီပံ့ပိုးနိုင်မည်နည်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် အဆိုပါ နည်းလမ်းများကို လူသားခြင်းစာနာ ထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ အပါအဝင် အခြေအနေအရပ်အရပ်အားလုံးတွင် ပါဝင်ထည့်သွင်းသွားရန် ဆုံးဖြတ်ပြီးဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံများဆိုင်ရာ အဖွဲ့များနှင့် အကြီးတန်းအရာရှိများမှ အစိုးရအဖွဲ့များအား ကူညီထောက်ပံ့၍ ကမ္ဘာ့ကပ်ရောဂါ COVID-19 ၏ လက်ငင်းတုန့်ပြန်ဆောင်ရွက်မှု၏ သတ်မှတ်ချက်တစ်ခု အနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ဆောင်မှုများ ပြုလုပ်သွားမည့်အပြင် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ဆောင်မှု စီမံချက်များတွင်လည်း ထည့်သွင်းသွားမည်ဖြစ်သည်။ ကုလသမဂ္ဂမှနေ၍ ကမ္ဘာ့ကပ်ရောဂါ COVID-19 မှဖြစ်ပေါ်လာသည့် စိန်ခေါ်မှုအသစ်များအား တုံ့ပြန် ရေးတွင် အစိုးရများနှင့် အတူ တုံ့ပြန် မှု လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်ရန် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက်

ကမ္ဘာ့ အကြီးဆုံး ရင်းနှီးမြုပ်နှံမှု တစ်ခု ဖြစ်သည့် ဥရောပသမဂ္ဂနှင့် မိတ်ဖက်အနေဖြင့် ဖွဲ့စည်းထားသည့် Spotlight Initiative အား အသုံးပြုသွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ၎င်း၏ လက်ရှိ လုပ်ဆောင်နေသော အစီအစဉ်များကို အသုံးပြုပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား

---

### တီထွင်ဆန်းသစ်မှု နည်းလမ်းများဖြင့် အွန်လိုင်းနှင့် မိုဘိုင်းဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးဖုန်းလိုင်းများမှ တ ဆင့် ဖြေရှင်းဆောင်ရွက်ခြင်းများ -

**တရုတ်နိုင်ငံ**တွင်**#AntiDomesticViolenceDuringEpidemic** #ရောဂါကပ်ဘေးအတွင်း အိမ်တွင်းအကြမ်းဖက်မှုဆန့်ကျင်ရေး အားရေးသားကာ ထိုမှတဆင့် အွန်လိုင်းမှအကူအညီတောင်းခံနိုင်သော လင့်များသို့ချိတ်ဆက်နိုင်စေရန်၊ နှုတ်ဆိတ်မနေဘဲ တိုင်ကြားနိုင်စေရန် နှင့် အသွားအလာကန့်သတ်ခြင်းခံရစဉ်အတွင်း အကြမ်းဖက်ခြင်းခံရနိုင်ဖွယ်ရှိခြင်းများအား ကူညီပေးရန် တစ်ထောင့် တစ်နေရာမှ ကူညီပေးသည်။ **အန်တီဂွာ**နိုင်ငံနှင့် **ဘာဘူဒါ**နိုင်ငံတို့တွင် အွန်လိုင်းနှင့် မိုဘိုင်းဝန်ဆောင်မှုများမှ ကူညီမှုပေးသော ဆက်သွယ်ရေးဖုန်းလိုင်းများအား အခမဲ့ခေါ်ဆိုနိုင်စေရန် ပံ့ပိုးပေးသည်။

**စပိန်နိုင်ငံ**တွင် တည်နေရာ ဖော်ပြသည့် အလိုအလျောက် စာပို့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးပြီး အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများအား အွန်လိုင်းမှ စကားပြောပေးကာ စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့ကူ ညီမှုများလည်း လက်ငင်းလုပ်ဆောင်ပေးသည်။ **အာဂျင်တီးနားနိုင်ငံ**တွင် အကြမ်းဖက်ခံရသူများသည် ဆေးဆိုင်များတွင် စိတ်ချစွာ တိုင်ကြားသတင်းပို့နိုင်ကြောင်း ကြေငြာထားသည်။

ထို့အတူ **ပြင်သစ်နိုင်ငံ**တွင် စားသောက်ကုန်အရောင်းဆိုင်များအား ဝန်ဆောင်မှုပေးသော နေရာများအဖြစ် သတ်မှတ်ထားပြီး ဟိုတယ် အခန်း ၂၀,၀၀၀ ခန့်အား အကြမ်းဖက်ခံရသူအမျိုးသမီးများအတွက် ခိုလှုံရာ နေရာအဖြစ် ချမှတ်ပေးထားသည်။ **ကိုလံဘီယာနိုင်ငံ**တွင် ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သော ဥပဒေရေးရာ အကြံပေးမှု၊ စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုရေး အကြံပေးမှု၊ ရဲတပ်ဖွဲ့နှင့် တရားရေးရာ ဝန်ဆောင်မှုများ(ကြားနာမှုအပါအဝင်) အား နည်းပညာများဖြင့် ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း အာမခံချက်ပေးထားသည်။

တုံ့ပြန်ကာကွယ်ရန်
ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။


၂၀ "ကိုရိုနာဗိုင်းရပ်စ်ကြောင့် မိသားစုများ နေအိမ်အတွင်း ပိတ်မိနေချိန်တွင် အိမ်တွင်းအကြမ်းဖက်မှုများ မြင့်တက်လာခြင်း" https://10daily.com.au/news/australia/a200326zyjkh/ domestic-violence-spikes-during-coronavirus-as-families-trapped-at-home-20200327, accessed 2nd April 2020

၂၁ https://comunicacionnoticias.diputados.gob.mx/comunicacion/index.php/mesa/diputadas-piden-que-las-medidas-tomadas-por-el-gobierno-de-la-republica-durante-la-contingencia-por-el-covid-19-tengan-perspectiva-de-genero

# The Shadow Pandemic: Violence Against Women and Girls and COVID-19

Globally,

**243** million



women and girls aged 15-49 have been subjected to sexual and/or physical violence perpetrated by an intimate partner in the previous 12 months.


**The number is likely to INCREASE as security, health, and money worries heighten tensions and strains are accentuated by cramped and confined living conditions.**

**Emerging data shows that since the outbreak of COVID-19, violence against women and girls (VAWG), and particularly domestic violence, has INTENSIFIED.**

Below are just a few of the dozens of countries reporting an increase in violence against women

In **France**, reports of domestic violence have increased by **30%** since the lockdown on March 17.

In **Argentina** emergency calls for domestic violence cases have increased by **25%** since the lockdown on March 20.



In **Cyprus** and **Singapore** helplines have registered an increase in calls of **30%** and **33%**, respectively.

Increased cases of domestic violence and demand for emergency shelter have also been reported in **Canada, Germany, Spain, the United Kingdom** and **the United States.**

**As stay-at-home orders expand to contain the spread of the virus, women with violent partners increasingly find themselves isolated from the people and resources that can help them.**

**87,000** women

were intentionally killed in 2017. The majority of these killings were committed by an intimate partner or family member of the victim.

Violence against women and girls is pervasive but at the same time widely under-reported. Less than **40%** of women who experience violence report these crimes or seek help of any sort.

The global cost of violence against women had previously been estimated at approximately.

**US$1.5** trillion

That figure can only be rising as violence increases now, and continues in the aftermath of the pandemic.

# ၅။ လူသားချင်းစာနာထောက်ထားမှု၊ ထိခိုက်လွယ်သောအခြေအနေများ နှင့် လူ့အခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှုများ

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် **ထိခိုက်ပျက်စီးလွယ်ပြီး** ပဋိပက္ခဖြစ်ပွားနေသည့်နေရာရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ကြီးမားသော အန္တရာယ်များကို ဖြစ်ပေါ်စေသည်။ COVID-19ကြောင့် ကျန်းမာရေးစနစ်များ အလုပ်ဝန်ပိနေခြင်း သို့မဟုတ် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိသောနေရာများတွင် အရေးကြီးသောကျန်းမာရေးအခြေအနေ၊ လူသားချင်းစာနာထောက်ထားရေး နှင့် တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်များကို အနှောက်အယှက်ဖြစ်စေသောကြောင့် အသက်အန္တရာယ်စိုးရိမ်ရမှုနှင့် သေဆုံးမှုဆိုင်ရာ အကျိုးဆက်များဖြစ်ပေါ်စေသည်။ အထက်ပါ ထိခိုက်လွယ်မှုများရှိသော နိုင်ငံများတွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ၅၀ ရာခိုင်နှုန်းကျော်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားခြင်းကြောင့် သေဆုံးကြပြီး ကျန်းမာရေးကဏ္ဍများလည်း ယခုအခါ ဤကပ်ရောဂါဖြစ်ပွါးမှု ကြောင့် ပိုမိုဆိုးရွားလာနိုင်ဖွယ်ရှိသည်။ ပဋိပက္ခတစ်လျှောက် အခြေအနေများတွင် အမျိုးသမီးများသည် အိုးအိမ်စွန့်ခွာရခြင်း၊ ဒုက္ခသည်အဖြစ် နေထိုင်ရခြင်း၊ ကျေးလက်တွင်နေထိုင်ရခြင်း၊ ဆင်းရဲချို့တဲ့ခြင်း သို့မဟုတ် ဖယ်ကျဉ်ခံထားရခြင်းများ ကြုံတွေ့ရသည်။ ထိုအမျိုးသမီးများအား သီးသန့်ဖယ်ထားခြင်း၊ သတင်းအချက်အလက်များ လွဲမှားဖြန့်ဝေခြင်း နှင့် အရေးပါသောနည်းပညာများ လက်လမ်းမှီမှုမရှိခြင်းလည်း ဖြစ်ပေါ် နိုင်သည်။

COVID-19နှင့်ပတ်သက်၍ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုများကို ကိုးကားချက် [၂] တွင် အသေးစိတ်ဖော်ပြထားပါသည်။

ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ လှုပ်ရှားမှုကို ကန့်သတ်လိုက်ခြင်းကြောင့် ဝေးလံခေါင်ဖျားသော ဒေသများတွင် တရားဥပဒေစိုးမိုးရေး များ

လျော့ပါးနိုင်ပြီး လိင်ပိုင်းဆိုင်ရာ၊ ကျား/မအခြေပြု

အကြမ်းဖက်မှုနှင့် အမျိုးသမီးလူ့အခွင့်အရေး

ကာကွယ်စောင့်ရှောက်သူများအား ပစ်မှတ်ထား

သတ်ဖြတ်မှုများ ပိုမိုများပြားလာသည်။

အွန်လိုင်းမှတစ်ဆင့် ရေးသား ဟောပြောမှုသို့

ပြောင်းလဲလိုက်ခြင်းကြောင့်

အမျိုးသမီးအရပ်ဖက် လူမှုအဖွဲ့အစည်းများအနေဖြင့်

အမျိုးသမီးလူ့အခွင့်အရေးအတွက်

ပံ့ပိုးထောက်ပံ့မှုပေးရန် အရေးပေါ်

ထောက်ခံအားပေးမှုနှင့် ဝန်ဆောင်မှု

ပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက်

လုပ်ဆောင်ရန် နေရာကျဉ်းမြောင်းလာစေပါသည်။

အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး

အစီအစဉ်များအား ထိရောက်စွာ

အကောင်အထည်ဖော်ခြင်းများအား

ဤအချိန်ကာလအတွင်း ဦးစားပေးအနေဖြင့်

ဆက်လက်ထားရှိရန် လိုအပ်သည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၂၄၂ (၂၀၁၅)

အနေဖြင့် ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့ ကပ်ရောဂါ များ

သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၏ တစ်စိတ်

တစ်ပိုင်းဖြစ်ကြောင်း အသိအမှတ်ပြုခြင်းနှင့်

တုန့်ပြန်ဆောင်ရွက်ရေးအားလုံးတွင် ကာကွယ်

တားဆီးရေး၊ တန်းတူညီမျှစွာပါဝင်ရေး နှင့်

အမျိုးသမီးများ၏ ခေါင်းဆောင်မှု ဆိုင်ရာ စည်းမျဉ်းများ

လိုအပ်ချက်များအား မီးမောင်းထိုးပြသည့် ပထမဦးဆုံး

ကောင်စီဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။

နောက်ဆုံးအနေဖြင့် ကမ္ဘာ့ကပ်ရောဂါသည်

ကမ္ဘာတစ်ဝှမ်းရှိ လူများ၏လွတ်လပ်စွာ သွားလာခွင့်ကို

ကန့်သတ်ချုပ်ချယ်မှုအား တိုးမြင့်လာစေပြီး

လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုကို

ပိုမိုဆိုးရွားစေသည့် အရေးပေါ် အခြေအနေများကို

အလွဲသုံးစားလုပ်ခြင်းနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာ

အစီရင်ခံစာများကို COVID-19 ၏

လူ့အခွင့်အရေး သက်ရောက်မှုများနှင့် ပတ်သက်သည့်

လာမည့်မူဝါဒ အကျဉ်းချုပ်တွင် အသေးစိတ်

ဖော်ပြထားပါသည်။

၄င်းသည် ပြည်သူလူထုနှင့် လူတစ်ဦးချင်းစီ၏

ငြိမ်းချမ်းစွာ စုရုံးခွင့်၊ လွတ်လပ်စွာ

ထုပ်ဖော်ပြောဆိုခွင့်များအား အသုံးချနိုင်စွမ်းအပေါ်

ဆိုးကျိုးသက်ရောက်စေပါသည်။

အမျိုးသမီးခေါင်းဆောင်များနှင့်
တက်ကြွလှုပ်ရှားသူများအား အွန်လိုင်း နှင့် အွန်လိုင်း
ပြင်ပ နှစ်ခုစလုံးမှ  အနှောင့်အယှက်ပေးခြင်း နှင့်
တိုက်ခိုက်မှုများဆက်လက် ဖြစ်ပေါ်လျှက်ရှိသည်။
ကမ္ဘာလုံးဆိုင်ရာ  ရေရှည် စီးပွားရေးကျဆင်းနိုင်မှု
အလားအလာသည် ၎င်းကာကွယ်မှု ကွာဟချက်များနှင့်
လူ့အခွင့်အရေးကန့်သတ်ချက်များကြောင့်
လေးနက်သော စိုးရိမ်ပူပန်မှုများဖြစ်စေသည်။
ကူးစက်ကပ်ရောဂါအလွန်ကာလ
ပြန်လည်ထူထောင်ရေးသည်  အမျိုးသမီးများအား
ပြည်သူ့ရေးရာကဏ္ဍများတွက် ပါဝင်ခွင့်များ တိုးပွားမှု ဆီ
သို့ ဦးတည်သွားလိမ့်မည်ဟု မျှော်လင့်ရပါသည်။
ထိုမှသာ အနာဂတ်တွင်ဖြစ်ပေါ်လာမည့်
ကပ်ဘေးကာလများတွင် ပိုမို၍ ဒဏ်ခံနိုင်မည်ဖြစ်သည်။

---

၂၂ ကမ္ဘာ့လုံးဆိုင်ရာ COVID-19 လူသားချင်းစာနာထောက်မှုစီမံဆောင်ရွက်ချက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ဧပြီလတွင် ပူးပေါင်းဆောင်ရွက်ခြင်း - ၂၀၂၀ခုနှစ်  ဒီဇင်ဘာလ https://www.unocha.org/sites/unocha/files/Global-Humanitarian-Response-Plan-COVID-19.pdf

# နိဂုံးချုပ်

ကမ္ဘာ့ကပ်ရောဂါသည် လက်ရှိတန်းတူမညီမျှမှုအားလုံးကို ပိုမိုမြင့်မားစွာ တိုးပွားစေသည်။ ဤမညီမျှမှုများမှ မည်သူ့အား အကျိုးသက်ရောက်မည် ၊မည်မျှ ပြင်းထန်မည်၊ ပြန်လည်ကောင်းမွန်လာရေးစေရန် မည်မျှ ကြိုးပမ်းရမည်ကိုပါ ပုံသွင်းဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ၎င်း၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများသည် ကုလသမဂ္ဂအဖွဲ့၏ သမိုင်းတစ်လျှောက်တွင် နှိုင်းယှဉ်စရာမရှိသော ကမ္ဘာလုံးဆိုင်ရာ ကပ်ဘေးအဖြစ်သတ်မှတ်ခြင်းခံရပြီး ၎င်း၏ ကြီးမားရှုပ်ထွေးသောအကျိုးဆက်များအား ဖြေရှင်းရန်အတွက် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ တုံ့ပြန်မှုကို လိုအပ်သည်။ သို့သော်လည်း ကပ်ဘေးဆိုင်ရာ စီမံဆောင်ရွက်မှုများပြုလုပ်ရာတွင် တန်းတူညီမျှခြင်း မရှိမှုများကြောင့်  ပိုမိုထိခိုက်အားနည်းစေနိုင်သည့် အချက်ကို ထည့်သွင်းခြင်းမပြုပါက ပြည်တွင်းအဆင့်တွင် ဖြစ်စေ နိုင်ငံတကာအဆင့်တွင် ဖြစ်စေ အကျိုးသက်ရာက်မှု များစွာအားနည်းသွားလိမ့်မည်။ သို့မဟုတ် ယခင်မူဝါဒများကိုသာ ရိုးရှင်းစွာပြန်လည် ကျင့်သုံးမည်ဆိုပါက ယခုအချိန်ကို အသုံးချပြီး ပိုမို၍တန်းတူညီမျှမှုရှိကာ အားလုံးပါဝင်နိုင်မှုနှင့် ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်နိုင်မည် မဟုတ်ပါ။

ထိုအစား COVID-19 ဆိုင်ရာ တုံ့ပြန် စီမံဆောင်ရွက်ချက်များ ပြန်လည်ထူ ထောင်ရေးအစီအစဉ်များ နှင့် ငွေကြေးထောက်ပံ့မှု အရင်းအမြစ်များအားလုံးသည် ဤကပ်ရောဂါ၏ ကျား/မ ဆိုင်ရာ အကျိုးသက်ရောက်မှု များကို ဖြေရှင်းရန်လိုအပ်သည်။ ဆိုလိုရင်းမှာ (၁) COVID-19  တုန့်ပြန်ဆောင်ရွက်မှု ဗဟိုချက်တွင် အမျိုးသမီးများနှင့် အမျိုးသမီးအဖွဲ့အစည်းများ **ပါဝင်ခြင်း** (၂)  အခကြေးငွေ မရရှိသည့်ပြုစုစောင့်ရှောက်မှု လုပ်ငန်းများ၏ မညီမျှမှုများအား လူတိုင်းအားလုံးအဆင်ပြေစွာ ပါဝင်နိုင်သည့် စီးပွားရေးအသစ်သို့ **ပြောင်းလဲခြင်း** (၃) အမျိုးသမီးများနှင့် မိန်းကလေးငယ် များ၏ ဘဝနှင့် အနာဂတ်အပေါ် ရည်ရွယ်ဦးတည်သည့် လူမှုစီးပွားရေး စီမံချက်များ **ရေးဆွဲခြင်း** တို့ပြုလုပ်သင့်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ် များအား စီးပွားရေး အလယ်ဗဟိုချက်တွင် ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် စီးပွားရေး ပိုမိုကောင်းမွန်လာနိုင်ပြီး ပိုမိုရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြန်ဆန်သော ပြန်လည်ထူထောင်ရေးများလည်း ပြုလုပ်နိုင်သည့်အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော ရည်မှန်းချက်ပန်းတိုင်သို့လည်း ရောက်ရှိစေရန် အတွက် ခြေလှမ်းလည်းဖြစ်ပေလိမ့်မည်။